ကြေးမုံ
The Mirror
၁၃၇၂ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၉ ရက်၊ တနင်္ဂနွေနေ့ (17-10-2010) (၆၅၅၄)

ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် စက်မှုနိုင်ငံထူထောင်

နိုင်ငံတွင် သဘာဝသယံဇာတ အရင်းအမြစ်များစွာရှိပြီးဖြစ်၍ ယင်းတို့ကို ထုတ်ယူသုံးစွဲပြီး နိုင်ငံတိုးတက်အောင် ဆောင်ရွက်

စက်မှုနိုင်ငံ ထူထောင်ရာမှာ လျှပ်စစ်စွမ်းအားသည် အဓိကလိုအပ်ချက်တစ်ခုဖြစ်

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ရဲရွာရေအားလျှပ်စစ် စီမံကိန်းကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နေပြည်တော် အောက်တိုဘာ ၁၆

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာန ရဲရွာရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ၏ အမှတ်(၃) ဓာတ်အားပေးစက် စတင်လည်ပတ်ခြင်း အခမ်းအနားကို အောက်တိုဘာ ၁၆ ရက် နံနက် ၉ နာရီ ၄၅ မိနစ်တွင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်ရှိ ရဲရွာရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ၌ ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် တက်ရောက်ချီးမြှင့်၍ အမှတ်(၃)ဓာတ်အားပေးစက်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးပြီး အမှာစကား ပြောကြားသည်။

အဆိုပါအခမ်းအနားသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မြင့်စိုး၊ မန္တလေးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ရဲအောင်၊ အစိုးရအဖွဲ့- အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ်သည် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ဖွင့်လှစ်ပေး

ထို့နောက် အမှတ်(၃)ဓာတ်အားပေးစက် စတင်လည်ပတ်ခြင်းအခမ်းအနားကို စက်ရုံမျက်နှာစာ၌ ကျင်းပရာ တိုင်းမှူး ဗိုလ်မှူးချုပ်ရဲအောင်၊ အမှတ်(၁)စက်မှု **စာမျက်နှာ ၈ ကော်လံ ၃ သို့** ❒

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် မန္တလေးမြို့ ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်ထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြား

နေပြည်တော် အောက်တိုဘာ ၁၆

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်သည် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မြင့်စိုး၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါလျက် အောက်တိုဘာ ၁၅ ရက် မွန်းလွဲပိုင်းတွင် နေပြည်တော်မှ လေကြောင်းခရီးဖြင့် ထွက်ခွာခဲ့ပြီး မန္တလေးမြို့သို့ရောက်ရှိကြရာ မန္တလေးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ရဲအောင်၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးဖုန်းဇော်ဟန်နှင့် တာဝန်ရှိသူများက မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ် ဧည့်ခန်းမဆောင်ရှေ့၌ ခင်းကျင်းပြသထားသော အောက်တိုဘာ ၇ ရက်မှ ၁၁ ရက်အထိ မန္တလေးတိုင်းဒေသကြီး အတွင်း မိုးရွာသွန်းမှုကြောင့် ကျေးရွာအချို့ ရေဝင်ရောက်ခဲ့မှုနှင့် ကူညီဆောင်ရွက်ပေးခဲ့မှု မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ လေဆိပ်ဧည့်ခန်းမဆောင်၌ မန္တလေးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ရဲအောင်က မန္တလေးတိုင်းဒေသကြီးအတွင်း မိုးရွာသွန်းမှုကြောင့် ရေဝင်ရောက်ခဲ့မှုအခြေအနေ၊ ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့မှုအခြေအနေနှင့် ဆက်သွယ်သွားလာမှု အဆင်ပြေချောမွေ့စေရေး ဆောင်ရွက်မှုအခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် မန္တလေးတိုင်းဒေသကြီး ဆည်မြောင်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးစိုးညွန့်က မန္တလေးခရိုင်အတွင်း ရေစီးရေလာကောင်းမွန်ရေးအတွက် ရေမြောင်းများ၊ ရေတံခါးများဆောင်ရွက်သွားမည့် အစီအမံများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် မန္တလေးမြို့တော်ဝန် ဦးဖုန်းဇော်ဟန်က မန္တလေးမြို့အတွင်း ရေစီးရေလာကောင်းမွန်ရေး စီစဉ်ဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်က သိရှိလိုသည်များကို မေးမြန်းပြီး မြေအနိမ့်ပိုင်းရှိ ရပ်ကွက်၊ ကျေးရွာများသို့ ရေဝင်ရောက်မှု တားဆီးနိုင်ရေးအတွက် ရေတားတာတမံများနှင့် ရေထုတ်နိုင်သည့် ရေနုတ်မြောင်းများ အမြဲကောင်းမွန်နေအောင် စီမံချက်ဖြင့် ဆောင်ရွက်ရေးနှင့် လက်ရှိရေမြောင်းများကို စစ်ဆေးဆောင်ရွက်သွားရေး မှာကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပြည်ကြီးတံခွန်မြို့နယ်နှင့် ချမ်းမြသာစည်မြို့နယ်တို့အတွင်း သန့်ရှင်းရေးနှင့် ရေစီးရေလာကောင်းမွန်အောင် ဝိုင်းဝန်းဆောင်ရွက်နေမှုတို့ကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

(သတင်းစဉ်)

ကြေးမုံ The Mirror

၁၇-၁၀-၂၀၁၀
(တနင်္ဂနွေနေ့)

မျက်စိအမြင်ရှင်သန်ရေး အရှိန်အဟုန်မြှင့်

မျက်စိမြင်ခြင်းသည် လူတိုင်း၏ မွေးရာပါ အခွင့်အရေးတစ်ခုဖြစ်သည်။ လူတိုင်းမျက်စိအမြင် ရှင်သန်နေခြင်းဖြင့် လူမှုဝန်းကျင်ကောင်းကျိုး ပါဝင်သယ်ပိုး စွမ်းဆောင်နိုင်ကြမည်ဖြစ်သည်။

သို့သော် ကမ္ဘာတစ်ဝန်း၌ မျက်စိအမြင်မကောင်းသူ သန်းပေါင်းသုံးရာကျော်ရှိပြီး ယင်းတို့အနက် လူဦးရေ ၄၅ သန်းသည် မျက်စိကွယ်နေသူများဖြစ်သည်။ မျက်စိကွယ်နေသူများ၏ ၈၀ ရာခိုင်နှုန်းကျော်သည် ကာကွယ်ကုသ၍ရသည့် ရောဂါများဖြစ်ရာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ၂၀၂၀ ပြည့်နှစ်တွင် ကာကွယ်ကုသ၍ရသည့် မျက်စိကွယ်ခြင်းများ ကင်းစင်ပပျောက်ရေး ရည်မှန်းကြိုးပမ်းလျက်ရှိသည်။

မျက်စိကွယ်ခြင်းနှင့် မျက်စိမှုန်ခြင်းများသည် အပြည်ပြည်ဆိုင်ရာ ကျန်းမာရေးပြဿနာတစ်ခု ဖြစ်နေသည်။ ယခုအခါ ကမ္ဘာ့ကျန်းမာရေး အဖွဲ့ဝင်နိုင်ငံတိုင်းက မျက်မမြင်ကာကွယ်ကုသရေးလုပ်ငန်းများ လက်ရှိအခြေအနေထက် အရှိန်အဟုန်တိုးမြှင့်ရေး၊ ပြည်သူတိုင်းက ကာကွယ်ကုသ၍ရသော မျက်စိရောဂါများကို သိရှိလာပြီး မျက်စိကျန်းမာရေး အသိရှိရှိ လိုက်နာကျင့်သုံးလာခြင်းဖြင့် မျက်မမြင်ဖြစ်ပွားမှုနှုန်း လျော့နည်းပပျောက်စေရေး ကြိုးပမ်းနေကြပြီဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် မျက်စိအမြင်ရှင်သန်ရေး ရည်မှန်းချက် ၂၀၂၀ အစီအစဉ်များကို ၂၀၀၀ ပြည့်နှစ် အောက်တိုဘာ ၁၀ ရက်မှ စတင်၍ အကောင်အထည်ဖော်လျက်ရှိသည်။ မျက်စိကျန်းမာရေးစောင့်ရှောက်မှု တစ်နိုင်ငံလုံး လွှမ်းခြုံရေး၊ အတွင်းတိမ်ခွဲစိတ်မှုနှုန်း တစ်နှစ် ၁၄၀၀ တိုးမြှင့်နိုင်ရေး၊ မျက်စိအထူးကုဆရာဝန်များ၊ မျက်မှန်ပညာရှင်များ၊ မျက်စိသူနာပြုများ တိုးမြှင့်မွေးထုတ်ရေး၊ မျက်စိအထူးကုဌာနများ တိုးချဲ့ဖွင့်လှစ်ရေးနှင့် ပြည်သူလူထု မျက်စိကျန်းမာရေးအသိ ပိုမိုသိရှိလာစေရေး လုပ်ငန်းများ ပါဝင်သည်။

မူလရည်မှန်းချက်၏ ၁၀ နှစ်တာအတွင်း အတွင်းတိမ်လူနာပေါင်း တစ်သောင်းကျော် အခမဲ့ ကွင်းဆင်းခွဲစိတ်ကုသပေးနိုင်ခဲ့ပြီ။ မျက်စိကုဌာန ၆၁ ခုနှင့် မျက်စိဆရာဝန်ပေါင်း ၂၅၈ ဦး ဖွင့်လှစ်မွေးထုတ်ပေးနိုင်နေပြီ။ တစ်ဖက်မှလည်း အခြေခံကျန်းမာရေးဝန်ထမ်းများအား ကလေးသူငယ်များတွင် အဖြစ်များသော မျက်စိရောဂါများ၊ ပဏာမမျက်စိကျန်းမာရေး စောင့်ရှောက်မှု သင်တန်းများပေးခြင်း၊ မျက်မမြင်ကာကွယ်ရေး စီမံကိန်းဌာနများ ဖွင့်လှစ်ခြင်း၊ အခြေခံပညာကျောင်းများ၌ မျက်စိကျန်းမာရေး စစ်ဆေးခြင်းများ မပြတ် ဆောင်ရွက်လျက်ရှိသည်။

မျက်စိမြင် အလင်းရရှိရေးသည် မျက်စိကွယ်နေသူများ၏ အဓိကလိုအင်ဆန္ဒဖြစ်သည်။ နိုင်ငံတော်အစိုးရနှင့်အတူ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးနှင့် ပြည်တွင်းပြည်ပ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံစေတနာရှင် ပြည်သူများနှင့် ကျန်းမာရေးဝန်ထမ်းများ၏ အရှိန်အဟုန်မြှင့် ပူးပေါင်းဆောင်ရွက်ကြခြင်းဖြင့် ကာကွယ်ကုသ၍ရသော မျက်စိရောဂါများ လျော့နည်းပပျောက်ပြီး မျက်စိအမြင် ရှင်သန်သူများ တိုးပွားလာမည် ဖြစ်ပါသည်။ ။

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ကတ္တရာလမ်းအဆင့် ဆောင်ရွက်ခြင်းနှင့် သီပေါတံတားတည်ဆောက်ရေးလုပ်ငန်းများ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့် ကြည့်ရှုစစ်ဆေး

နေပြည်တော် အောက်တိုဘာ ၁၆

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်သည် အောက်တိုဘာ ၁၃ ရက် မွန်းတည့် ၁၂ နာရီတွင် ပြင်ဦးလွင်-မိုးကုတ်ကားလမ်းသစ်တစ်လျှောက် ကျောက်များစုဆောင်းထားရှိခြင်း၊ စက်ယန္တရားများဖြင့် လမ်းချဲ့ခြင်း၊ မြေထိန်းနံရံများ တည်ဆောက်ခြင်းနှင့် ရေထုတ်ပြွန်များ တည်ဆောက်နေမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး မိုင်တိုင်အမှတ်(၀၀/၀)နှင့် (၀၁/၀)ကြား၌ စက်ယန္တရားများဖြင့် လမ်းချဲ့နေမှုကို ကြည့်ရှုစစ်ဆေးရာ ပြင်ဦးလွင်-မိုးကုတ်-ကားလမ်းသစ်ကို အနီးကပ်ကြီးကြပ်ကွပ်ကဲရန် တာဝန်ပေးထားသည့် အင်ဂျင်နီယာချုပ် ဦးမြင့်အောင်က စက်ယန္တရားများဖြင့် အပိုင်းလိုက်လမ်းချဲ့ခြင်း၊ ကျောက်ခင်းခြင်းနှင့် ကတ္တရာလမ်းအဆင့်အထိ ဆက်လက်ခင်းနိုင်အောင် ဆောင်ရွက်ထားရှိမှု အခြေအနေတို့ကို လိုက်လံရှင်းလင်း တင်ပြသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့် မန္တလေး-လားရှိုး-မူဆယ်လမ်းပေါ်ရှိ သီပေါတံတား တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ထို့နောက် ဝန်ကြီးက ပြင်ဦးလွင်-မိုးကုတ်ကားလမ်းအသစ်ကို ကျောက်ချောလမ်းအဆင့်မှ ကတ္တရာလမ်းအဆင့်အထိ ဖောက်လုပ်သွားရန် လမ်းအထူးအဖွဲ့တစ်ဖွဲ့၊ ခရိုင်နှစ်ဖွဲ့နှင့် ကုမ္ပဏီရှစ်ဖွဲ့ စုစုပေါင်း ၁၁ ဖွဲ့တို့ကို တာဝန်ပေး ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်သွားရေး၊ ကျောက်ခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပါက ကတ္တရာခင်းနိုင်အောင် အမြန်ဆုံးဆောင်ရွက်သွားရေးနှင့် လုပ်ငန်းများကို သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်သွားရေးတို့ကို မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် အေးရှားဝေါလ်ကုမ္ပဏီမှ B.O.T စနစ်ဖြင့် ဆောင်ရွက်သော မန္တလေး-လားရှိုး-မူဆယ်လမ်းပေါ်ရှိ သီပေါတံတား တည်ဆောက်ရေးလုပ်ငန်းခွင်သို့ရောက်ရှိရာ အေးရှားဝေါလ်ကုမ္ပဏီမှ တာဝန်ရှိသူက တံတားရေလယ်တိုင် ကွန်ကရစ်သွန်းလောင်းနေမှုအခြေအနေနှင့် ကျန်ရှိသည့် တံတားရက်မလုပ်ငန်းများနှင့် ကွန်ကရစ်ကြမ်းခင်းများ ဆက်လက်ဆောင်ရွက်နေမှု အခြေအနေတို့ကို လုပ်ငန်းခွင်အတွင်း လိုက်လံရှင်းလင်းတင်ပြသည်။

ယင်းနောက် ဝန်ကြီးက အမြန်ဆုံးပြီးစီးရေးအတွက် တွန်းအားပေးဆောင်ရွက်သွားရန်၊ ကျန်ရှိသည့် လုပ်ငန်းများကိုလည်း သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်သွားရန်နှင့် တံတားချဉ်းကပ်လမ်းကိုလည်း အလေးထားဆောင်ရွက်သွားရန် မှာကြားသည်။သီပေါတံတား အမျိုးအစားမှာ သံကူကွန်ကရစ် ဘိုးပိုင်အုတ်မြစ်၊ သံကူကွန်ကရစ်ရက်မနှင့် ကြမ်းခင်းတို့ဖြစ်ပြီး တံတားအရှည် ၅၉၆ ပေ၊ ယာဉ်သွားလမ်းအကျယ် ၂၈ ပေ၊ ယာဉ်နှစ်လမ်းသွားနှင့် လူသွားလမ်း တစ်ဖက်လျှင် ငါးပေစီပါရှိကာ ယာဉ်တစ်စီးချင်း ခွင့်ပြုအလေးချိန်မှာ တန် ၆၀ ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း သင်တန်းဆင်းပွဲကျင်းပ

ရန်ကုန် အောက်တိုဘာ ၁၆

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရန်ကုန်တိုင်းဒေသကြီး ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့မှ ဖွင့်လှစ်သော အခြားအဆင့်တပ်ဖွဲ့ဝင်များ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း သင်တန်းအမှတ်စဉ်(၂/၂၀၁၀) ဆင်းပွဲကို အောက်တိုဘာ ၁၅ ရက် မွန်းလွဲ ၂ နာရီတွင် ဒဂုံမြို့သစ်မြောက်ပိုင်းရှိ သီရိမြိုင်ယာဉ်မောင်းသင်တန်းကျောင်း၌ ကျင်းပရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲတပ်ရင်းများကွပ်ကဲရေးမှူး ရဲမှူးချုပ်သန်းဟန် တက်ရောက်၍သင်တန်းဆင်း အမှာစကား ပြောကြားသည်။

အဆိုပါ သင်တန်းသို့ သင်တန်းသားအခြားအဆင့် တပ်ဖွဲ့ဝင် ၁၀၉ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ်ကြာမြင့်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကျေးရွာစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး ဟောပြောဆွေးနွေးပွဲများ သန်လျင်နှင့် ကျောက်တန်းမြို့နယ်တို့၌ ကျင်းပ

ရန်ကုန် အောက်တိုဘာ ၁၆

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့နှင့် ရန်ကုန်တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်းစီစဉ်ကျင်းပသည့် ကျေးရွာစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး ဟောပြောဆွေးနွေးပွဲများကို အောက်တိုဘာ ၁၃ ရက် နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတို့တွင် ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ်နှင့် ကျောက်တန်းမြို့နယ်တို့၌ ကျင်းပရာ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ခေတ္တဥက္ကဋ္ဌနှင့် ဗဟိုအမှုဆောင်ကော်မတီဝင်များ၊ တာဝန်ရှိသူများနှင့် ဒေသခံစာပေဝါသနာရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ကျေးရွာစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးဟောပြောဆွေးနွေးပွဲကို သန်လျင်မြို့နယ် ဗိုလ်ချုပ်ကျေးရွာ၌ ကျင်းပရာ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ခေတ္တဥက္ကဋ္ဌ ဦးတင်လှိုင် (လယ်တွင်းသားစောချစ်)က နှုတ်ခွန်းဆက်စကားပြောကြားပြီး အတွင်းရေးမှူး ဦးကိုကို (ကိုကို-စက်မှုတက္ကသိုလ်)က ကျေးရွာစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး ဟောပြောဆွေးနွေးပွဲများကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ စာရင်းစစ်အဖွဲ့ခေါင်းဆောင် ဒေါ်ချိုချိုတင် (မစန္ဒာ)နှင့် စာရေးဆရာ မောင်စိန်ဝင်း (ပုတီးကုန်း)တို့က "စာဖတ်ခြင်း၏ အကျိုးကျေးဇူး" ခေါင်းစဉ်ဖြင့် ဟောပြောကြရာ ဒေသခံစာပေဝါသနာရှင်များက သိလိုသည်များကို ပြန်လည်ဆွေးနွေး မေးမြန်းကြသည်။

ယင်းနောက် မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ခေတ္တဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက သန်လျင်မြို့နယ် ဗိုလ်ချုပ်ကျေးရွာရှိ ရာစုဥဒါန်း စာကြည့်တိုက်အတွက် စာအုပ်စာစောင်များကို တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် အခမ်းအနားကို ကျောက်တန်းမြို့နယ် ပါဒကြီး စံပြကျေးရွာ၌ ဆက်လက်ကျင်းပရာ ရှေးဦးစွာ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ခေတ္တဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ အတွင်းရေးမှူးက ဆွေးနွေးပွဲများကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ဗဟိုအမှုဆောင်ကော်မတီဝင် မြင်းမူမောင်နိုင်မိုးနှင့် စာရေးဆရာ နွမ်ဂျာသိုင်းတို့က "စာဖတ်ခြင်း၏ အကျိုးကျေးဇူး" ခေါင်းစဉ်ဖြင့် ဟောပြောကြရာ ဒေသခံစာပေဝါသနာရှင်များက သိလိုသည်များကို ပြန်လည်ဆွေးနွေး မေးမြန်းကြသည်။

ထို့နောက် မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ခေတ္တဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ပါဒကြီးစံပြကျေးရွာ အလင်းသစ်စာကြည့်တိုက်အတွက် စာအုပ်စာစောင်များကို တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းကြသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီဝင် မြင်းမူမောင်နိုင်မိုး စာဖတ်ခြင်း၏ အကျိုးကျေးဇူး ခေါင်းစဉ်ဖြင့် ဟောပြောစဉ်။

(သတင်းစဉ်)

ကမာရွတ်မြို့နယ် တက္ကသိုလ်ရိပ်သာလမ်းနေ ဦးမျိုးမြင့်အောင်၊ ဇနီး ဒေါ်ကဗျာဘွဲ့မှူး၊ သမီး မမေမျိုးကဗျာ မိသားစုက ဦးမျိုးမြင့်အောင်၏မွေးနေ့ အလှူမင်္ဂလာအဖြစ် တွံတေးမြို့ မိဘဂုဏ်ဘိုးဘွားရိပ်သာ ဘိုးဘွားများ အာဟာရနှင့် ဆေးပဒေသာပင်အတွက် ငွေကျပ် သုံးသိန်းကို အောက်တိုဘာ ၂ ရက်က အလှူရှင်များကိုယ်စား ကိုကျော်ခိုင်ဦးက မိဘဂုဏ်ဘိုးဘွားရိပ်သာ ဒုတိယဥက္ကဋ္ဌ ဦးကျော်သန်းထံ ပေးအပ်လှူဒါန်းစဉ်။ (၃၄၂)

ပျိုးဥယျာဉ် ကွင်းဆင်းစစ်ဆေး

မြစ်ကြီးနား အောက်တိုဘာ ၁၆

မြစ်ကြီးနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ထားရှိသော စိမ်းမြရောပန်းခြံရှိ ပျိုးဥယျာဉ်အတွင်း ပန်းအလှပင်များရာသီအလိုက်ပျိုးထောင်ထားရှိမှုကို အောက်တိုဘာ ၇ ရက်က ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမောင်မောင်အောင် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ (ဒုတိယညွှန်ကြားရေးမှူး) ဦးစိုးနိုင်က လုပ်ငန်းဆောင်ရွက်ထားရှိမှုကို ရှင်းလင်းတင်ပြသည်။

(မြို့နယ်စည်ပင်)

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ် ညှော်ခန်းမဆောင်၌ ခင်းကျင်းပြသထားသော အောက်တိုဘာ ၇ ရက်မှ ၁၁ ရက်အထိ မန္တလေးတိုင်းဒေသကြီးအတွင်း မိုးရွာသွန်းမှုကြောင့် ကျေးရွာအချို့ ရေဝင်ရောက်ခဲ့မှုနှင့် ကူညီဆောင်ရွက်ပေးခဲ့မှု မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုစဉ်။ (သတင်းရှေ့ဖုံး) (သတင်းစဉ်)

ပြင်ဦးလွင်နှင့် မန္တလေးမြို့တို့၌ ဝန်ကြီး ဦးမောင်ဦး ဝန်ထမ်းများနှင့်တွေ့ဆုံ

နေပြည်တော် အောက်တိုဘာ ၁၆

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဦးမောင်ဦးသည် အောက်တိုဘာ ၁၅ ရက် နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ဇီးပင်ကြီးရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဗဟိုလေ့ကျင့်ရေးကျောင်း၌ ကျင်းပသည့် ပြည်ထဲရေးဝန်ကြီဌာန အရာရှိကြီးများ လုပ်ငန်းဝင် သင်တန်း အမှတ်စဉ်(၁/၂၀၁၀)သို့ တက်ရောက်၍ သင်တန်းဆင်းမိန့်ခွန်းပြောကြားပြီး သင်တန်းသားများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

တက်တက်ကြွကြွလုပ်

ဆက်လက်၍ ဝန်ကြီးသည် နံနက် ၁၀ နာရီခွဲတွင် ပြင်ဦးလွင်ခရိုင်အုပ်ချုပ်ရေးမှူးရုံးသို့ ရောက်ရှိပြီး ပြည်ထဲရေးဝန်ကြီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့မှ ဝန်ထမ်း ၇၅ ဦးတို့နှင့် တွေ့ဆုံခဲ့ပြီး ဝန်ထမ်းများ၏ သက်သာချောင်ချိရေး၊ နိုင်ငံတော်အစိုးရ လက်ထက်တွင် အုပ်ချုပ်ရေးဆိုင်ရာ ဝန်ထမ်းများ လိုက်နာဆောင်ရွက်ရန် လုပ်ငန်းများ၊ ဝန်ထမ်းများအချင်းချင်း စည်းလုံးညီညွတ်ရေး၊ နိုင်ငံတော်လုပ်ငန်း တာဝန်များကို စိတ်ဓာတ်၊ စည်းကမ်း၊ စနစ်တကျနှင့် စေတနာထားပြီး တက်တက်ကြွကြွ လုပ်ကိုင်ဆောင်ရွက်ရန် ရှင်းလင်းပြောကြားသည်။

စေတနာထား

ထို့နောက် ဝန်ကြီးသည် မွန်းလွဲ ၂နာရီတွင် မန္တလေးတိုင်းဒေသကြီး အုပ်ချုပ်ရေးမှူးရုံးသို့ ရောက်ရှိပြီး မန္တလေးတိုင်းဒေသကြီးအတွင်း တာဝန်ထမ်းဆောင်နေသည့် ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ အရာထမ်း၊ အမှုထမ်း ၁၄၆ ဦးနှင့် တွေ့ဆုံ၍ ဝန်ထမ်းများအချင်းချင်း ပူးပေါင်းဆောင်ရွက်၍ နိုင်ငံတော်တာဝန်ကို သစ္စာရှိရှိ ထမ်းဆောင်ရေး၊ ဝန်ထမ်းတိုင်းသည် စိတ်ဓာတ်၊ စည်းကမ်း စနစ်တကျနှင့် စေတနာထားပြီး နိုင်ငံ့တာဝန်များကို ထမ်းဆောင်ရေး၊ ဝန်ထမ်းများ သက်သာချောင်ချိရေးကိစ္စများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဦးမောင်ဦး ပြည်ထဲရေးဝန်ကြီးဌာန အရာရှိကြီးများ လုပ်ငန်းဝင် သင်တန်းအမှတ်စဉ်(၁/၂၀၁၀)တွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

555 INDIAN FASHION STORE

ဝါကျွတ်/ဒေပါဝါလီ အထူးဈေးရောင်းပွဲတော် ကျင်းပ

ရန်ကုန် အောက်တိုဘာ ၁၆

555 INDIAN FASHION STORE ၏ ဝါကျွတ်/ဒေပါဝါလီ အထူးဈေးရောင်းပွဲတော်ကို အောက်တိုဘာ ၉ ရက်မှ ၃၁ ရက်အထိ ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် (၂၇)လမ်းထိပ် အနော်ရထာလမ်း အမှတ်(၂၈၄)၌ ဖြိုလုပ်လျက်ရှိရာ အိန္ဒိယရိုးရာဝတ်စုံ ကလေးဝတ်၊ လူကြီးဝတ်ဆိုဒ်စုံ၊ ဒီဇိုင်းစုံတို့ကို ၁၀ ရာခိုင်နှုန်းမှ ၅၀ ရာခိုင်နှုန်းအထိ အထူးလျှော့ဈေး၊ အထူးလက်ဆောင်တို့ဖြင့် ဈေးနှုန်းချိုသာစွာ ရောင်းချပေးလျက်ရှိသည်။ **(အောက်ပုံ)**

ရောင်းချပေး

ထို့အပြင် အိန္ဒိယနိုင်ငံလုပ် စတီးပစ္စည်း ဒီဇိုင်းစုံ၊ ကြေးဆင်းတုတော်နှင့် ဘာသာရေးပစ္စည်းမျိုးစုံ၊ လက်ဝတ်ရတနာများ၊ အိမ်သုံးပစ္စည်းမျိုးစုံ၊ ဆေးဝါးပစ္စည်းစုံ၊ အလှကုန်မျိုးစုံ၊ အစားအစာမျိုးစုံ၊ မီးဖိုချောင်သုံး ပစ္စည်းမျိုးစုံ၊ အိပ်ရာခင်း/အခင်းစုံ၊ဖိနပ်မျိုးစုံ၊ လူကြီးလူငယ်ကလေးကျားဝတ်၊ မဝတ်အထည်မျိုးစုံတို့ကိုလည်း အရည်အသွေးကောင်း၍ ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးလျက်ရှိသည်။

အိန္ဒိယနိုင်ငံလုပ် ပစ္စည်းမျိုးစုံကို အိန္ဒိယနိုင်ငံသို့ မသွားရဘဲ 555 အိန္ဒိယဖက်ရှင်အလှကုန်ဆိုင်၌ ပစ္စည်းမှန် ဈေးမှန် စိတ်တိုင်းကျ ဝယ်ယူနိုင်ပြီး မန္တလေးဆိုင်ခွဲ အမှတ်(၂၂၆) ၂၈-လမ်း (၈၁ × ၈၂)လမ်းကြား မန္တလေးမြို့နှင့် မိုးကုတ်ဆိုင်ခွဲ မေကမ္ဘာစတိုး မြို့မရပ် မိုးကုတ်မြို့၌လည်း ဝယ်ယူအားပေးနိုင်သည်ဟု မိတ်ဟောင်းမိတ်သစ်များအား အထူးသတင်းကောင်း ပါးထားကြောင်း သိရသည်။ (သတင်းစဉ်)

(၄၂)ကြိမ်မြောက် ပြည်နယ်နှင့် တိုင်းဒေသကြီး အလေးမပြိုင်ပွဲနှင့် ၂၀၁၀ ခုနှစ် အမျိုးသားတံခွန်စိုက်အလေးမပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် အောက်တိုဘာ ၁၆

အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ အလေးမအဖွဲ့ချုပ်တို့ ပူးပေါင်း၍ (၄၂)ကြိမ်မြောက် ပြည်နယ်နှင့် တိုင်းဒေသကြီး အလေးမပြိုင်ပွဲနှင့် ၂၀၁၀ခုနှစ် အမျိုးသားတံခွန်စိုက် အလေးမပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၁၅ရက် ညနေ ၃ နာရီတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မိုးလုံလေလုံအားကစားပြိုင်ပွဲရုံ၌ ကျင်းပသည်။

အဆိုပါဖွင့်ပွဲအခမ်းအနားသို့ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေ အတွင်းရေးမှူး အားကစားနှင့်ကာယ ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် နာယကများ၊ မြန်မာနိုင်ငံ အလေးမအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဝင်းလွင်၊ အထွေထွေ အတွင်းရေးမှူး အားကစားနှင့်ကာယ ပညာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်ဆွေနှင့် အမှုဆောင်များ၊ ဖိတ်ကြားထားသူများနှင့် အလေးမ အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ယမန်နှစ် ချန်ပီယံများဖြစ်ကြသော ရန်ကုန်တိုင်းဒေသကြီး အမျိုးသား အလေးမအသင်းနှင့် ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီး အလေးမအသင်းတို့က တံခွန်စိုက်ဒိုင်းဆုများကို အားကစားနှင့်ကာယ ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ထံ ပြန်လည်အပ်နှံကြသည်။

ယင်းနောက် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီးကိုယ်စား မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက် **(အောက်ဝဲပုံ)**က အမှာစကားပြောကြားကာ ပြိုင်ပွဲကို ဖွင့်လှစ်ပေးပြီး ပြိုင်ပွဲဝင်အသင်းများက အားကစားသစ္စာအဓိဋ္ဌာန် (၄)ချက်ကို ရွတ်ဆိုကြသည်။

ထို့နောက် ပထမနေ့တွင် သတ်မှတ်ထားသော ပြိုင်ပွဲ ပွဲစဉ်များကို စတင်ကျင်းပသည်။

အဆိုပါပြိုင်ပွဲများကို အောက်တိုဘာ ၁၇ရက်အထိ ယင်းအားကစားပြိုင်ပွဲရုံ၌ပင် ဆက်လက်ကျင်းပသွားမည်ဖြစ်ပြီး ပြည်နယ်နှင့်တိုင်းဒေသကြီး အလေးမအသင်း ၁၁ သင်းတို့မှ ပြိုင်ပွဲဝင် ၁၅၆ဦးတို့ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဘားအံမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဇွဲကပင်ပန်းခြံရေပန်းနှင့် မြေခင်းအလှ ဆောင်ရွက်ထားရှိမှုကို ကရင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်ကျော်မင်း ကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများ အသိပညာပေးဟောပြော

ရန်ကုန် အောက်တိုဘာ ၁၆

ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့ ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့ အမှတ်(၂) ယာဉ်ထိန်းနယ်မြေမှူး ဒုတိယရဲမှူး ခင်မောင်ဝင်းနှင့်အဖွဲ့သည် အောက်တိုဘာ ၁၅ ရက်တွင် ရန်ကင်းမြို့နယ် Eagle Security Service Co., Ltd. ၌ သင်တန်းသား၊ သင်တန်းသူ ၅၄ ဦးတို့အား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများ အသိပညာပေး ဆွေးနွေးဟောပြောပို့ချခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

စစ်သွေးကြွများအား ခိုလှုံခွင့်ပေးသည့်မူဝါဒ ပါကစ္စတန်စစ်ဘက် ပြန်လည်သုံးသပ်ရန် တိုက်တွန်း

အစ္စလာမ္မာဘတ် အောက်တိုဘာ ၁၆ - ပါကစ္စတန်စစ်ဘက်သည် စစ်သွေးကြွများအား ခိုလှုံခွင့်ပေးသော မူဝါဒကို ပြန်လည်သုံးသပ်သင့်ပြီဖြစ်ကြောင်း စစ်သွေးကြွအုပ်စုများနှင့် ပတ်သက်၍ အထူးပြုလေ့လာနေသော ကျွမ်းကျင်သူပညာရှင်တစ်ဦးက အောက်တိုဘာ ၁၆ ရက်တွင် ပြောကြားသည်။

ပါကစ္စတန်နိုင်ငံတွင် ဝန်ကြီးချုပ် ယူဆွတ်ရာဇာဂီလာနီနှင့် အထက်တန်းအရာရှိကြီးများအား လုပ်ကြံသတ်ဖြတ်ရန် ကြံစည်သူများအဖြစ် သင်္ကာမကင်းခံရသူ ခုနစ်ဦးကို ဖမ်းဆီးလိုက်ပြီးနောက် သုတေသီ ဘာဒါအလမ်က အမေရိကန်နိုင်ငံတွင် ထုတ်ဝေသော ခရစ်ယာန်ဆိုင်းယင့်စ်မော်နီတာ သတင်းစာသို့ ပြောကြားသည်။

ပါကစ္စတန်စစ်ဘက်က နယ်စပ်ဒေသများ၌ စစ်သွေးကြွများကို ခိုလှုံခွင့်ပေးခဲ့သည့် မူဝါဒသည် နောက်ဆက်တွဲ ဆိုးကျိုးသက်ရောက်မှုများ ဖြစ်စေနိုင်ကြောင်း ဘာဒါအလမ်က ပြောကြားသည်။

ပါကစ္စတန်ဝန်ကြီးချုပ် ဂီလာနီအား ၎င်း၏နေအိမ်တွင် အသေခံဗုံးခွဲတိုက်ခိုက်ရန် ကြံစည်ခဲ့မှုဖြင့် သင်္ကာမကင်းခံရသူ ခုနစ်ဦးကို ရဲတပ်ဖွဲ့က ဖမ်းဆီးလိုက်ပြီဖြစ်သည်။

အဖမ်းခံရသူ ခုနစ်ဦးမှာ အယ်လ်ခိုင်ဒါအဖွဲ့နှင့် ဆက်နွယ်မှုရှိသော လက်ရှ်ခါ အီး ဂျန်ဂါဘီအုပ်စုမှ ဖြစ်သည်ဟု တာဝန်ရှိသူများက ပြောကြားကြသည်။

၎င်းတို့သည် ဝန်ကြီးချုပ်၏ သွားလာလှုပ်ရှားမှုများကို လေ့လာစောင့်ကြည့်ကာ ပါကစ္စတန်နိုင်ငံ ပန်ဂျပ်ပြည်နယ် မူလ်တန်မြို့ရှိ ဝန်ကြီးချုပ်၏ ပုဂ္ဂလိက စံအိမ်တော်ကို စီးနင်းတိုက်ခိုက်ရန်ဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

အကြမ်းဖက်သမားများက ဝန်ကြီးချုပ်အား လုပ်ကြံမည့် အကြံအစည်ကို ရဲတပ်ဖွဲ့က ဖြိုခွင်းလိုက်နိုင်ကြောင်း ရဲတပ်ဖွဲ့စုံစမ်းစစ်ဆေးရေးမှူး ဝါရစ်ဘာဝါနာက ပြောကြားသည်။

ခရစ်ယာန်ဆိုင်းယင့်စ်မော်နီတာ။

အီကွေဒေါ်မိုင်းတွင်းအတွင်း အလုပ်သမားလေးဦး ပိတ်မိနေ

ကွီတို (အီကွေဒေါ်) အောက်တိုဘာ ၁၆

သောကြာနေ့က အီကွေဒေါ်နိုင်ငံ တောင်ပိုင်း ရွှေတွင်းတစ်တွင်း၏ မြေအောက်ဥမင်လိုဏ်ခေါင်းပြိုကျရာ အလုပ်သမားလေးဦးသည် ပေ ၄၉၀ အနက် (မီတာ ၁၅၀) ၌ ပိတ်မိနေ၍ ကယ်ဆယ်ရေးလုပ်ငန်းများကို စတင်လုပ်ဆောင်နေကြောင်း အာဏာပိုင်များက ပြောကြားသည်။

အဆိုပါ ဘေးအန္တရာယ်မှ လွတ်မြောက်လာသူက ၎င်း၏ မိတ်ဆွေ အလုပ်သမားလေးဦး ပိတ်မိနေခဲ့ကြောင်းကို အာဏာပိုင်တို့အား သတင်းပေးခဲ့ခြင်း ဖြစ်သည်။

သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဂျော့အက်စ်ပီနိုဆာက ယင်းဖြစ်ရပ်သည် ဒေသစံတော်ချိန် နံနက် ၃ နာရီ ၃၀ မိနစ် (ကမ္ဘာ့စံတော်ချိန် ၀၈း၃၀ နာရီ)တွင် ဖြစ်ပွားခဲ့ပြီး ဥမင်လိုဏ်ကို ပိတ်ဆို့သွားကြောင်း၊ သတ္တုတွင်း အလုပ်သမားလေးဦးမှာ အထပ် ငါးထပ်၌ သောင်တင်နေကြောင်း၊ ၎င်းတို့အခြေအနေကို မသိရှိရသေးကြောင်း ပြောကြားခဲ့သည်။

ကယ်ဆယ်ရေးသမား ၅၀ က အဓိကဥမင်လိုဏ်ခေါင်းကို တူးဖော်နေကြောင်း၊ အခြားကယ်ဆယ်ရေးသမားများ ပိတ်မိနေသော လုပ်သားများ ခိုအောင်းနေသည်ဟု ယူဆရသော မြေအောက်ခန်းသို့ ရောက်ရှိရန် ယင်းတွင်း၏ ဘေးတွင် တွင်းတစ်တွင်းကို တူးဖော်ရန်ပြင်ဆင်နေကြောင်း ဝန်ကြီးက ဆက်လက်ပြောကြားသည်။ **အေပီ။**

တရုတ်နိုင်ငံ ဟီနန်ပြည်နယ်ရှိ ပြိုကျသွားသော မိုင်းတွင်းအတွင်း ဆင်းသက်ရန် ပြင်ဆင်နေသော ကယ်ဆယ်ရေး ဝန်ထမ်းများ။

တရုတ်ပြည်တွင် ကျောက်မီးသွေးတွင်းပေါက်ကွဲ၍ ၂၀ သေဆုံး

ပေကျင်း အောက်တိုဘာ ၁၆ - တရုတ်နိုင်ငံအလယ်ပိုင်း ဟီနန်ပြည်နယ်ရှိ ကျောက်မီးသွေးတွင်းတစ်တွင်း၌ စနေနေ့စောစောပိုင်းတွင် ပေါက်ကွဲမှုဖြစ်ပွားရာ သတ္တုတွင်းလုပ်သား ၂၀ သေဆုံးကြောင်း တာဝန်ရှိသူများက အတည်ပြုပြောကြားသည်။

ပေါက်ကွဲမှုဖြစ်ပွားစဉ်၌ အလုပ်သမား ၂၇၆ ဦးတို့ လုပ်ငန်းခွင်ဝင်လျက်ရှိရာ ၂၃၉ ဦး လွတ်မြောက်ခဲ့သည်ဟု လုပ်ငန်းခွင် အန္တရာယ်ကင်းစင်ရေး အုပ်ချုပ်မှုအဖွဲ့က ပြောသည်။

ပိတ်မိနေသော လုပ်သားများ မြေအောက်မည်သည့်အနက်၌ ရောက်ရှိနေသည်ကိုလည်းကောင်း၊ မည်သည့်အခြေအနေရှိနေသည်ကိုလည်းကောင်း၊ ၎င်းတို့အသက်ရှင်လျက်ရှိ၊ မရှိကိုလည်းကောင်း ရှင်းလင်းစွာ မသိရှိရသေးပေ။

ကယ်ဆယ်ရေးသမား ၇၀ ကျော်သည် မြေအောက်၌ ပိတ်မိနေသော အလုပ်သမားများထံသို့ရောက်ရှိရန် အခက်အခဲနှစ်ရပ်ဖြင့် ရင်ဆိုင်နေရကြောင်း၊ ပထမအခက်အခဲမှာ ဓာတ်ငွေ့များထွက်ရှိမှု လွန်ကဲနေခြင်းနှင့် ဒုတိယမှာ ပေါက်ကွဲမှုအရှိန်ကြောင့် ဥမင်အတွင်းသို့ ကျောက်မီးသွေးတုံးများ ကျဆင်းနေခြင်းတို့ဖြစ်ကြောင်း တရုတ်ဗဟိုရုပ်သံဌာနက ထုတ်လွှင့်သည်။

ကျောက်မီးသွေးတွင်းတစ်ခု၌ ပုံမှန်အားဖြင့် ရှိရမည့် ဓာတ်ငွေ့မှာ တစ်ရာခိုင်နှုန်းဖြစ်ပြီး ယခုဥမင်အတွင်း၌ အဆပေါင်းများစွာတိုး၍ ၄၀ ရာခိုင်နှုန်းအထိ ရှိနေသည်ဟု နိုင်ငံပိုင်အသံလွှင့်ဌာနက ကြေညာသည်။ ရှိနေသည့် ဓာတ်ငွေ့မှာ မည်သည့်ဓာတ်ငွေ့ဖြစ်ကြောင်းလည်း သေချာမသိရှိရပေ။ ကျောက်မီးသွေးတွင်း ပေါက်ကွဲလျှင် ထွက်တတ်သည့်ဓာတ်ငွေ့မှာ မီသိန်းဓာတ်ငွေ့ဟု ဆိုသည်။

သေဆုံးသူများ၏အလောင်းများကို သယ်ထုတ်ရန် ကြိုးစားနေသည်ဟု သတင်းတွင် ဖော်ပြသည်။

ယင်းကျောက်မီးသွေးတွင်းကို နိုင်ငံတော်ပိုင် ပင်ယူကျောက်မီးသွေးနှင့် လျှပ်စစ်ဓာတ်အားကုမ္ပဏီက ပိုင်ဆိုင်ပြီး ပေကျင်းမြို့တော် တောင်ဘက် မိုင် ၄၃၀ ခန့်အကွာရှိ ယူကျိုးမြို့၌ တည်ရှိသည်။ **အေပီ။**

ဗြိတိန်နိုင်ငံသား ကယ်ဆယ်ရေး လုပ်သားအား ပြန်လည်လွှတ်ပေးရန် မေတ္တာရပ်ခံ

လန်ဒန် အောက်တိုဘာ ၁၆

ဆိုမာလီနိုင်ငံတွင် ဗြိတိန်နိုင်ငံသား လူမှုရေးဆိုင်ရာ အကူအညီပေးရေး လုပ်သားတစ်ဦး ပြန်ပေးဆွဲခံရကြောင်း၊ ၎င်းသည် နိုင်ငံတကာ ပရဟိတလူမှုရေး လုပ်ငန်းများ၌ ပါဝင်လုပ်ကိုင်နေသူဖြစ်သဖြင့် ပြန်ပေးဆွဲထားသူများက အမြန်ဆုံး ပြန်လည်လွှတ်ပေးစေလိုကြောင်း Save the Children အဖွဲ့က အောက်တိုဘာ ၁၆ ရက်တွင် တောင်းဆိုလိုက်သည်။

ကမ္ဘာတစ်ဝန်းရှိ ဘေးဒုက္ခရောက်နေသော ကလေးငယ်များအတွက် လူမှုရေး အကူအညီပေးနေသော Save the Children အဖွဲ့မှ လုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ်တစ်ဦးသည် ဒေသခံကယ်ဆယ်ရေး လုပ်သားတစ်ဦးနှင့်အတူ အဒါဒိုမြို့၌ ဓားစာခံအဖြစ် ဖမ်းဆီးခံခဲ့ရသည်။ အဒါဒိုမြို့သည် အီသီယိုးပီးယားနယ်စပ်ဒေသအနီးတွင် တည်ရှိသည်။

ဒေသခံ ကယ်ဆယ်ရေးလုပ်သားမှာ ပြန်ပေးဆွဲခံခဲ့ရပြီးနောက် ဘေးမသီရန်မခ ပြန်လည်လွတ်မြောက်လာခဲ့သည်။

ဓားစာခံ

ပြန်ပေးဆွဲခံထားရသူ ဗြိတိန်နိုင်ငံသားမှာ ဇင်ဘာဘွေနိုင်ငံဇာတိဖြစ်ပြီး ယခုအချိန်အထိ ဓားစာခံအဖြစ် အဖမ်းခံထားရဆဲဖြစ်ကြောင်း အဆိုပါအဖွဲ့၏ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

မိမိတို့၏ ပရဟိတအဖွဲ့အစည်းသည် ဆိုမာလီနိုင်ငံတွင် အာဟာရချို့တဲ့နေပြီး အင်အားချည့်နဲ့နေသော ကလေးများအား ကယ်တင်ပေးသည့် အစီအစဉ်တစ်ရပ်ကို အကောင်အထည်ဖော်ရန် လုပ်ကိုင်လျက်ရှိကြောင်း ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

ဆိုမာလီနိုင်ငံရှိ ဒေသန္တရခေါင်းဆောင်များက ပြန်ပေးဆွဲခံထားရသူ ဗြိတိန်နိုင်ငံသားကို ပြန်လည်ကယ်တင်နိုင်ရန် ၎င်းကို ပြန်ပေးဆွဲခဲ့သော လက်နက်ကိုင်အုပ်စုနှင့် ဆွေးနွေးလျက်ရှိကြောင်း သိရသည်။

မျက်မြင်သက်သေများ၏အဆိုအရ လက်နက်အပြည့်အစုံတပ်ဆင်ထားသော လူတစ်စုသည် ယာဉ်သုံးစီးဖြင့် Save the Children အဖွဲ့ အဆောက်အအုံအတွင်း ဝင်ရောက်စီးနင်း၍ ယင်းအဖွဲ့ ဝန်ထမ်းများအား ဖမ်းဆီးခေါ်ဆောင်သွားခြင်းဖြစ်ကြောင်း သိရသည်။ **အမ်အင်အေ၊ ရိုက်တာ။**

ဂါဇာတွင် ဖမ်းဆီးခံထားရသော အစ္စရေးတပ်ဖွဲ့ဝင် လွတ်မြောက်ရေး ကြိုးပမ်းလျက်ရှိ

ဟားမားစ်တို့၏ ဖမ်းဆီးမှုခံခဲ့ရသော အစ္စရေးတပ်ဖွဲ့ဝင် ရှာလစ်။

ဂါဇာစီးတီး အောက်တိုဘာ ၁၆

ပါလက်စတိုင်းစစ်သွေးကြွများက လေးနှစ်ကြာမျှ ဖမ်းဆီးထားသော အစ္စရေးတပ်ဖွဲ့ဝင် ဂီလက်ရှာလစ် လွတ်မြောက်ရေးအတွက် ကြားဝင်ဆောင်ရွက်နေသူ ဂျာမန်စေ့စပ်ညှိနှိုင်းရေးမှူးတစ်ယောက်သည် ဂါဇာကမ်းမြောင်ဒေသသို့ လျှို့ဝှက်အလည်အပတ်ခရီး ရောက်ရှိခဲ့ကြောင်း ဟားမားစ်အဖွဲ့ ထိပ်တန်းတာဝန်ရှိသူတစ်ဦးက ယနေ့တွင် ပြောကြားသည်။

ယင်းကဲ့သို့ ဂျာမန်စေ့စပ်ညှိနှိုင်းရေးမှူး ဂါဇာကမ်းမြောင်သို့ လာရောက်ခြင်းသည် လပေါင်းများစွာကြာမျှ လိပ်ခဲတည်းလည်း ဖြစ်နေသော အစ္စရေး-ပါလက်စတိုင်း ငြိမ်းချမ်းရေးဆွေးနွေးပွဲ ပြန်လည်အစပျိုးနိုင်ရန် ကြိုးပမ်းသည့်လက္ခဏာဖြစ်ကြောင်း သတင်းများတွင် ဖော်ပြသည်။

ဟားမားစ်အဖွဲ့ ထိပ်တန်းတာဝန်ရှိသူတစ်ဦးက ဂျာမန်စေ့စပ်ညှိနှိုင်းရေးမှူး၏ခရီးစဉ်သည် နွေးထွေးလှိုက်လှဲသော ခရီးစဉ်ဖြစ်ကြောင်း ထောမနာပြုခဲ့သော်လည်း ယင်းဂျာမန်ကိုယ်စားလှယ်သည် မည်သူဖြစ်ကြောင်း၊ ဂါဇာကမ်းမြောင်တွင် မည်မျှကြာကြာနေထိုင်ခဲ့ကြောင်း ထုတ်ဖော်ပြောကြားခြင်းမရှိခဲ့ပေ။

အဖမ်းဆီးခံထားရသော အစ္စရေးတပ်ဖွဲ့ဝင်တစ်ဦး၏ လွတ်မြောက်ရေးအတွက် အစ္စရေးအကျဉ်းထောင်များအတွင်း ရောက်ရှိနေသော ပါလက်စတိုင်းအကျဉ်းသားများကို လွှတ်ပေးရန် ဟားမားစ်အဖွဲ့က တောင်းဆိုထားသည်။ **အေပီ။**

ကမ္ဘာ့အရှည်ဆုံး မြေအောက်ရထားလမ်း ဆွစ်ဇာလန်အပြီးဖောက်လုပ်

ဇူးရစ် အောက်တိုဘာ ၁၆ - ဆွစ်ဇာလန်နိုင်ငံတွင် တည်ဆောက်လျက်ရှိသော ကမ္ဘာ့အရှည်ဆုံးမြေအောက်ဥမင်ရထားလမ်းကို အောက်တိုဘာ ၁၅ရက်က အောင်မြင်စွာ ဆက်စပ်တူးဖော်နိုင်ခဲ့ပြီဖြစ်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။



ဂေါသပ်ဒ်ဘေ့စ် မြေအောက်ဥမင်ရထားလမ်းသည် အဲလ်ပ်တောင်တန်းကိုဖြတ်သန်းဖောက်လုပ်ထားခြင်းဖြစ်ပြီး ၃၄မိုင်ရှည်လျားသည်။ ဥမင်လိုဏ်ကြီး၏ ထိပ်တစ်ဖက်တစ်ချက်ကို ဆက်သွယ်နိုင်ရေးအတွက် နောက်ဆုံးအဟန့်အတားဖြစ်သည့် ဒုနှစ်မီတာခန့်ရှိ ကျောက်လွှာကို စစ်စီဟု အမည်ပြောင်ပေးထားသော လွန်တူးစက်ကြီးက ဖြိုဖျက်နိုင်ခဲ့သည်။ **(ယာပုံ)**

အဆိုပါ မြေအောက်ဥမင်ရထားလမ်းသည် လက်ရှိကမ္ဘာပေါ်တွင် အရှည်ဆုံးမြေအောက်ရထားလမ်းဖြစ်သော ဂျပန်နိုင်ငံ ဆိကန်မြေအောက်ရထားလမ်းထက် လေးကီလိုမီတာပိုရှည်လျားသည်။

ဂေါသပ်ဒ်ဘေ့စ် မြေအောက်ရထားလမ်း ပြီးစီးပါက ဆွစ်ဇာလန်နိုင်ငံ ဇူးရစ်မြို့နှင့် အီတလီနိုင်ငံ မီလန်မြို့တို့အကြား ခရီးစဉ်ကို အချိန်အားဖြင့် လျှော့ချနိုင်မည်ဖြစ်သည်။

နှစ်လမ်းသွား ယာဉ်မောင်းနှင်မှုစနစ်ကို အသုံးပြုသည့် ဂေါသပ်ဒ်ဘေ့စ် မြေအောက်ရထားလမ်း ဖောက်လုပ်ရေး စီမံကိန်းကို ၁၅နှစ်ကြာ အချိန်ယူတည်ဆောက်ခဲ့ရပြီး အမေရိကန်ဒေါ်လာ ၁၉ ဒသမ ၇ ဘီလီယံကို ဆွစ်ဇာလန်နိုင်ငံက သုံးစွဲခဲ့ရသည်။ **အင်တာနက်။**

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးဝင်း နေ့စဉ်ထုတ်သတင်းစာများ အချိန်မီ ထုတ်ဝေနိုင်ရန်အတွက် လုပ်ငန်းတာဝန်များ စွမ်းစွမ်းတမံ ကြိုးပမ်းဆောင်ရွက်ခဲ့သည့် မြန်မာ့သတင်းစဉ် (နိုင်ငံခြား)မှ ရုံးအုပ် ဒေါ်မြင့်မြင့်အုန်းအား ဂုဏ်ပြုဆု ပေးအပ်ချီးမြှင့်စဉ်။(သတင်းဖော်ပြပြီး) (သတင်းစဉ်)

မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေး နေ့စဉ်ထုတ်သတင်းစာများ အချိန်မီ ထုတ်ဝေနိုင်ရန်အတွက် လုပ်ငန်းတာဝန်များ စွမ်းစွမ်းတမံ ကြိုးပမ်းဆောင်ရွက်ခဲ့သည့် ကြေးမုံသတင်းစာတိုက်မှ ဒုတိယ ကြီးကြပ်ရေးမှူး ဦးကျော်ကျော်မြင့်အား ဂုဏ်ပြုဆု ပေးအပ်ချီးမြှင့်စဉ် (သတင်းဖော်ပြပြီး) (သတင်းစဉ်)

ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ခေတ္တ ဦးဆောင်ညွှန်ကြားရေးမှူး ဦးရဲတင့် နေ့စဉ်ထုတ်သတင်းစာများ အချိန်မီထုတ်ဝေနိုင်ရန်အတွက် လုပ်ငန်းတာဝန်များ စွမ်းစွမ်းတမံ ကြိုးပမ်းဆောင်ရွက်ခဲ့သည့် သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း(ရုံးချုပ်)မှ အငယ်တန်းစာရေး ဒေါ်ခင်နှင်းယုအား ဂုဏ်ပြုဆု ပေးအပ်ချီးမြှင့်စဉ်။ (သတင်းဖော်ပြပြီး) (သတင်းစဉ်)

Myanmar WWW Institute မှ အိုင်တီအခြေခံနှင့် အဆင့်မြင့်နည်းပညာ သင်တန်းသစ်များ ဖွင့်လှစ်မည်

ရန်ကုန် အောက်တိုဘာ ၁၆

Myanmar WWW Institute ကွန်ပျူတာနည်းပညာ သင်တန်းကျောင်းမှ အိုင်တီနည်းပညာသင်တန်းများဖြစ်သည့် အိုင်တီအခြေခံသင်တန်း၊ ကွန်ပျူတာ ဂရပ်ဖစ် ဒီဇိုင်းသင်တန်းနှင့် Advanced Flash CS3 သင်တန်းသစ်များကို အောက်တိုဘာလအတွင်း ထပ်မံဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်သည်။ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုအောင်မြင်ပြီးသူများ၊ အဆင့်မြင့် အိုင်တီပညာရပ်များကို စတင်လေ့လာလိုသူများ၊ အိုင်တီပညာရပ်ဖြင့် အသက်မွေးဝမ်းကျောင်းပြုနိုင်ရန်အတွက် အခြေခံကောင်းများ ရရှိလိုသူများအတွက် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်သည်။

အိုင်တီ အခြေခံသင်တန်းတွင် Microsoft Windows စနစ်ကို ကျွမ်းကျင်စွာအသုံးပြုနည်း၊ အင်္ဂလိပ်-မြန်မာနှစ်ဘာသာဖြင့် စာရိုက်နည်း၊ Power Point အသုံးပြုပြီး Presentation များပြုလုပ်နည်း၊ Photoshop ဖြင့် Graphic Design များ ဖန်တီးနည်း၊ Web Page ပြုလုပ်နည်းအပြင် Programming အခြေခံကို ပိုင်နိုင်စွာနားလည် တတ်မြောက်စေရန် C++ ဘာသာဖြင့် လက်တွေ့ပြုလုပ်လေ့ကျင့်ပေးခြင်းများ ပါဝင်မည် ဖြစ်သည်။ ထို့ပြင် အင်တာနက်နှင့် အီးမေးလ်အသုံးပြုပုံတို့ကိုလည်း သင်ယူရမည်ဖြစ်သည်။ သင်တန်းကာလမှာ နှစ်လခန့်သာကြာမြင့်မည်ဖြစ်ကာ တစ်ပတ်လျှင်သုံးရက် (တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာ) တက်ရောက်ရမည် ဖြစ်သည်။

ဘက်စုံကျွမ်းကျင်သော ဒီဇိုင်နာတစ်ယောက်ဖြစ်လာရန် စတင်လေ့လာလိုသူများအတွက် Professional Multi~Designer သင်တန်းဖွင့်လှစ်မည်ဖြစ်ပြီး သင်တန်းချိန်မှာ တစ်ပတ်လျှင် သုံးရက် (တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာ)ဖြစ်၍ သင်တန်းကာလမှာ သုံးလကြာမြင့်မည်ဖြစ်သည်။

Advanced Flash CS3 သင်တန်းသည် Flash ကို စိတ်ဝင်စားသူများ၊ Flash ကို အသုံးပြုမှု မရှိသေးသော်လည်း အခြေခံကျကျ လေ့လာသိရှိလိုသူများအတွက် အထူးသင့်လျော်သော သင်တန်းကောင်းတစ်ခု ဖြစ်သည်။ ၎င်းသင်တန်းတွင် Animation များပြုလုပ်ခြင်း၊ Action Script များအသုံးပြုပြီး မိမိ၏ Flash File အတွင်းရှိ ရုပ်ပုံလေးများကို Event များဖြင့် ထိန်းချုပ်ခြင်း၊ Symbol အသုံးပြုခြင်း၊ Flash File အချင်းချင်းချိတ်ဆက်ခြင်း၊ Flash Component များကို အသုံးပြုခြင်း စသည်များကို လေ့လာသင်ယူရမည်။ ထို့ပြင် Web Designer များအတွက် အသုံးဝင်မည့် Flash Presentation များ၊ Slide Show များနှင့် ဂိမ်းပြုလုပ်ခြင်းများ၊ Website တစ်ခုလုံးကို Flash ဖြင့် ရေးဆွဲခြင်းများကို သင်ယူရမည်ဖြစ်သည်။ တစ်ပတ်လျှင် နှစ်ရက် (အင်္ဂါ၊ ကြာသပတေး) တက်ရောက်ရမည်ဖြစ်ပြီး သင်တန်းကာလမှာ နှစ်လခွဲ ကြာမြင့်မည်ဖြစ်သည်။

သင်တန်းသုံးမျိုးလုံး၌ တန်းခွဲတစ်ခုလျှင် သင်တန်းသား ၁၀ ဦးသာ ကန့်သတ်ထားရာ တက်ရောက်လိုသူများ အနေဖြင့် ကြိုတင်စာရင်းပေးသွင်းကြရမည်။ အဆိုပါသင်တန်းများကို Myanmar WWW Institute တည်ရှိရာ အဆောင် (၅)အခန်း(၄) မြန်မာအင်ဖိုတက်ခ် လှိုင်တက္ကသိုလ်နယ်မြေ ရန်ကုန်မြို့တွင် ဖွင့်လှစ်မည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက ဖုန်း-၆၅၂၂၈၈၊ ၅၂၁၁၂၅နှင့် ၆၅၂၂၅၈ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

နိုင်ငံတကာသတင်းဂျာနယ် အမှတ်စဉ်(၇၇၈)ထုတ်ဝေဖြန့်ချိ

နေပြည်တော် အောက်တိုဘာ ၁၆

ဆရာကိုကိုလှိုင်၏ အရှေ့အလယ်ပိုင်း စစ်တုရင်ကွက်ပေါ်မှ သမ္မတအာမာဒီနီဂျက်၏ ပန်းခင်းသောလမ်း၊ ဆရာပြည်စိုး၏အာရပ်ကမ္ဘာ၊ ဆရာမောင်မောင်အေး၏ မြေအောက်ပေ ၂၀၀၀ ကျော်တွင် ရက်ပေါင်း ၇၀ပိတ်မိနေခဲ့သူ ချီလီမိုင်းအလုပ်သမား ၃၃ ဦးစလုံးကို ကယ်တင်နိုင်စသော စိတ်ဝင်စားဖွယ်ရာ နိုင်ငံတကာသတင်းသုံးသပ်ချက်၊ သတင်းဆောင်းပါးများနှင့်အတူ နိုင်ငံတကာ သတင်းဂျာနယ် အမှတ်စဉ်(၇၇၈)ကို ယနေ့ ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။

နိုင်ငံတကာသတင်းဂျာနယ်(၇၇၈)တွင် ရုရှား-ချူကလီးယားနည်းပညာကုမ္ပဏီများ အာရှမှသည် ဥရောပထိ ဈေးကွက်ချဲ့ထွင်၊ ယူအေအီးရှိစစ်အခြေစိုက်စခန်းမှ ကနေဒါတပ်ဖွဲ့ ရုပ်သိမ်းသွားရသည့် အကြောင်းတရား၊ ဗီယက်နမ်၏ စစ်ရေးစွမ်းပကားမြှင့်တင်နိုင်ရေး အိန္ဒိယနှင့် ပူးပေါင်းဆောင်ရွက်သွားမည်။ တာလီဘန်တို့လက်မှ ကယ်တင်ရန်ကြိုးစားစဉ် သေဆုံးရသည့်အမျိုးသမီးကိစ္စ၊ ရဟူဒီများ၏ဌာနေတိုင်းပြည်အဖြစ် အသိအမှတ်ပြုရေး အစ္စရေးအဆိုပြုချက် ပါလက်စတိုင်းပယ်ချ၊ အစ္စရေး၏ ရန်လိုမှုများမှ လက်ဘနွန်ကို ကာကွယ်မည်ဆိုသည့် အီရန်သမ္မတ၊ လုံခြုံရေးကောင်စီ အလှည့်ကျ အဖွဲ့ဝင်နိုင်ငံများအဖြစ် ရွေးချယ်ခံရသည့်ငါးနိုင်ငံ၊ ပစ်မှတ်ပြောင်းလာသည့် ယီမင်အယ်လ်ခိုင်ဒါ၊ တစ်ဦးလျှင် ဒေါ်လာနှစ်သိန်းပေးရမည့် အာကာသခရီးစဉ်၊ ကမ္ဘာ့အရပ်အပုဆုံး နီပေါဆယ်ကျော်သက်၊ မော်စကိုရှိဘဏ်တိုက်တစ်တိုက်က သူလျှိုမယ်တစ်ဦးကို အကြံပေးခန့်၊ အမေရိကန်၏ သူလျှိုလွှန်းပြန်ယာဉ် အာကာသအတွင်းထပ်မံပျောက်ဆုံး၊ အာဖဂန်အစိုးရနှင့် တာလီဘန်ဆွေးနွေးပွဲ နေတိုးတပ်ဖွဲ့များအားပေးကူညီ၊ အာဖဂန်ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါကစ္စတန်၏ အခန်းကဏ္ဍမှာ အခရာကျသည်ဟု ပါကစ္စတန်ဝန်ကြီးချုပ် ပြောကြား၊ တာလီဘန်တို့ကို အန်တုသည့် ပါကစ္စတန်မှ ကျောင်းဆရာ၊ စစ်လက်နက် တင်ပို့ရောင်းချရေး ပိတ်ပင်မှုပြင်ဆင်ရန် ဂျပန်အစီအစဉ်မရှိ စသော တစ်ပတ်အတွင်း နိုင်ငံတကာမှ အရေးပါသော သတင်းများအပြင် အခြားစိတ်ဝင်စားဖွယ် သတင်းများ၊ အားကစား သတင်းဆောင်းပါးများ မြိုင်မြိုင်ဆိုင်ဆိုင် ဖော်ပြပါရှိသည်။

နိုင်ငံတကာ သတင်းဂျာနယ်တွင် ကြော်ငြာများထည့်သွင်းခြင်း၊ ဂျာနယ်မှာယူလိုခြင်းများအတွက် အမှတ်(၇၇)၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့် ပုဇွန်တောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၂၉၁၈၃၃သို့ ဆက်သွယ်နိုင်သည်။ (ကြေးမုံ)

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၇-၁၀-၂၀၁၀ (တနင်္ဂနွေနေ့)

AM & PM

၅း၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ ပရိတ်နိဒါန်း၊ မင်္ဂလသုတ်
၅း၂၀ MRTV-4 သတင်း
၅း၅၀ "ဗုဒ္ဓတရားတော်နှင့် ကမ္ဘာ့ငြိမ်းချမ်းရေး"တရားတော် (သီတဂူဆရာတော် ဒေါက်တာ အရှင်ဉာဏိဿရ)
၆း၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ" (အပိုင်း-၄၆)**
၇း၃၀ MRTV-4 သတင်း
၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၁၃)**
၈း၅၀ Phyu Phyu Kyaw Thein Solo Concert(Part-7)
၉း၃၅ Sunday Talk [မျိုးမြတ်သူ၊ ကိုကို(စက်မှုတက္ကသိုလ်)]
၁၀း၂၅ Activities In The City (အဆောက်အအုံနှင့် အခြေခံ အဆောက်အအုံများတည်ဆောက်မှုအခြေအနေဆွေးနွေးပွဲ)
၁၀း၅၀ တင့်တယ်လှပခြင်းတို့ ဖန်တီးပေးသူ [တိုးတိုး(ဝတ်စုံဒီဇိုင်းနှင့် မိတ်ကပ် ထူးချွန်ပညာရှင်)](အပိုင်း-၁)
၁၁း၁၅ ဗီဒီယိုပြခန်း
၁၁း၃၀ ဈေးဝယ်လမ်းညွှန် (Fashion Euphoria)
၁၁း၅၅ အနုပညာရပ်ဝန်းမှရင်ခုန်သံများ "အနမ်းတွေအမုန်းစွဲ"
၁၂း၂၅ ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာ ချစ်တဲ့ကာလပေါ် တေးအရသာ (တေးသံရှင်-တင်ဦးလေး)
၁း၀၀ "ဗုဒ္ဓတရားတော်နှင့် ကမ္ဘာ့ငြိမ်းချမ်းရေး"တရားတော် (သီတဂူဆရာတော် ဒေါက်တာ အရှင်ဉာဏိဿရ)
၂း၀၀ MRTV-4 သတင်း
၂း၂၀ စကားနပန်း (ရုပ်ချောတာ ကောင်းတယ်၊ ရုပ်ဆိုးတာ ကောင်းတယ်)
၃း၃၀ Kid's Show
၄း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၁၃)**
၄း၅၅ FMF Selection
၅း၃၀ MRTV-4 ကာတွန်းအစီအစဉ်
၆း၀၀ MRTV-4 သတင်း
၆း၂၀ Global Panorama (ကိုကိုလှိုင်၊ မျိုးမြတ်သူ)
၆း၄၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ" (အပိုင်း-၄၇)**
၇း၂၅ သွားမယ်စားမယ် (Barista)
၇း၅၀ ဘယ်လိုမဲပေးကြမှာလဲ (မြန်မာနိုင်ငံရုပ်ရှင် အစည်းအရုံးဝင်များ)
၈း၀၀ MRTV-4 သတင်း -နိုင်ငံရေးပါတီများ၏ ဟောပြောချက်အစီအစဉ်
၈း၃၀ ဈေးဝယ်လမ်းညွှန် (Fashion Euphoria)
၈း၅၀ Movie Talk [မြန်မာအဆွေ (အေဝမ်း) ဦးဘညွန့်]
၉း၂၅ Barclays Premier League (Blackpool Vs Man City)
၁၁း၂၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၁၄)**
၁၂း၁၅ တင့်တယ်လှပခြင်းတို့ ဖန်တီးပေးသူ [တိုးတိုး(ဝတ်စုံဒီဇိုင်းနှင့် မိတ်ကပ် ထူးချွန်ပညာရှင်)](အပိုင်း-၁)
၁၂း၃၅ အမျိုးသမီးများနှင့်ဆိုင်သော အကြောအဆစ်ရောဂါအကြောင်း သိကောင်းစရာ(အပိုင်း-၂) (ဒေါက်တာပန်ဒိုရာအောင်ကြီး၊ တင်မိုးလွင်၊ ရတနာခင်၊ ဒေါက်တာချစ်သုဝေ)
၁း၀၀ ပန်းချီပြခန်း (Rainbow Colour)
၁း၁၀ စွမ်းရည်ထက်မြက် မြန်မာ့မျက်လှည့်
၁း၄၀ Activities In The City (အဆောက်အအုံနှင့် အခြေခံ အဆောက်အအုံများတည်ဆောက်မှုအခြေအနေဆွေးနွေးပွဲ)
၁း၅၅ ရော်ဘာအစေးလှီးရာတွင် အရေးကြီးသည့်အချက်များ
၂း၀၅ ခေတ်ပြိုင်ဂီတမှတ်တိုင်များ (ကေဂျာနူး)
၂း၄၀ အနုပညာရပ်ဝန်းမှရင်ခုန်သံများ "အနမ်းတွေအမုန်းစွဲ"
၃း၀၅ ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာ ချစ်တဲ့ကာလပေါ် တေးအရသာ (တေးသံရှင်-တင်ဦးလေး)
၃း၂၅ ရင်နှစ်ပန်းတို့လန်းစေချင် (ဖြိုးငွေစိုး၊ မိုးယုစံ၊ မျိုးသန္တာထွန်း၊ ခင်စိုးပိုင်၊ အေးသီတာ) [ဒါရိုက်တာ-သိန်းဟန်(ဖိုးနစ်)]
၃း၃၅ အောင်မြင်သူတို့၏ဘဝ (ကျော်ကြားသူတို့အတွက်မေမေ) (အပိုင်း-၂)
၄း၀၀ စားချင်စဖွယ်နည်းအသွယ်သွယ် (ရွှေကြည်ဆန္ဒင်းမကင်း)
၄း၁၀ Shooting Location (ဦးမောင်မောင်ကြီးအိမ်)
၄း၃၀ ဒေါနတောင်တန်းကြီးနဲ့ သာယာလှပနေသော ကော့ကရိတ်မြို့
၄း၄၅ ထင်ရှားတည်ရှိ မြင်းမထိ
၅း၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclays Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၆း၅၅	Everton - Liverpool	ESPN (Live)
၉း၂၅	Blackpool - Man City	ESPN (Live)

အမှာစကား ပြောကြား

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးဌေးဦး ၂၀၁၀ ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့ အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

ဆန်စပါးထွက်ရှိမှုသည် မြန်မာပြည်သူများ၏ ပြည်တွင်းစားနပ်ရိက္ခာကို ဖူလုံစွာဖြည့်ဆည်း အပိုအလျှံများသည် ကမ္ဘာ့စားနပ်ရိက္ခာလိုအပ်ချက်ကို တစ်ဖက်မှ အထောက်အကူပြုလျက်ရှိ ပြောင်း၊ ပဲမျိုးစုံ၊ ဆီထွက်သီးနှံနှင့် စားဖိုဆောင်သီးနှံများ ပြည်တွင်းစားသုံးမှုပြည့်စုံအောင် ထုတ်လုပ်လျက်ရှိ

နေပြည်တော် အောက်တိုဘာ ၁၆

၂၀၁၀ ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးဌေးဦး အမှာစကားပြောကြားပြီး ထူးချွန်ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်သည်။

အဆိုပါ အခမ်းအနားသို့ အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် သံရုံးတာဝန်ရှိသူများ၊ ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ဌာနေကိုယ်စားလှယ် Dr. Shin Imai နှင့် ကုလသမဂ္ဂအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံ စိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့် ရေလုပ်ငန်းပညာရှင်အဖွဲ့-အဖွဲ့ဝင်များ၊ ၂၀၁၀ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့ကျင်းပရေး ဗဟိုအဖွဲ့နှင့် လုပ်ငန်းအဖွဲ့ဝင်များ၊ ဆုရမြို့နယ်များမှ ကိုယ်စားလှယ်များ၊ ဆုရပုဂ္ဂိုလ်များနှင့် အဖွဲ့အစည်းများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးဌေးဦးက အမှာစကားပြောကြားရာတွင် ယနေ့အခမ်းအနားသည် ကမ္ဘာ့ပြည်သူများအားလုံး စားနပ်ရိက္ခာ ပြည့်စုံဖူလုံရေးနှင့် အာဟာရပြည့်ဝရေးအတွက် ငတ်မွတ်မှုဘေးကို တိုက်ဖျက်ကြရန် ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ကြီးက ဦးဆောင်ကျင်းပသည့် ကမ္ဘာ့စားနပ်ရိက္ခာနေ့ ဖြစ်ကြောင်း၊ ယနေ့အခမ်းအနားကို နှစ်စဉ်ကျင်းပခဲ့ရာ ယခုဆိုလျှင် အကြိမ်(၃၀)မြောက် ရောက်ရှိခဲ့ပြီဖြစ်သကဲ့သို့ ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ကြီး ထူထောင်ခဲ့သည့် နှစ်ပေါင်း ၆၅ နှစ်ပြည့်သည့် နှစ်လည်းဖြစ်ကြောင်း၊ အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံအနေဖြင့်လည်း ကမ္ဘာ့စားနပ်ရိက္ခာနေ့ အခမ်းအနားကို အစဉ်အလာမပျက် နှစ်စဉ်ကျင်းပလျက်ရှိကြောင်း။

ကုလသမဂ္ဂ စားနပ် ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ ဌာနေ ကိုယ်စားလှယ် Dr. Shin Imai ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ်၏ သဝဏ်လွှာကို ဖတ်ကြားစဉ်။(သတင်းစဉ်)

၂၀၀၉ ခုနှစ်တွင် ကမ္ဘာ့စားနပ်ရိက္ခာ ဈေးနှုန်းများ မြင့်မားလာမှု၊ ငွေကြေးပြဿနာများနှင့် ရာသီဥတုဖောက်ပြန်မှုတို့ကြောင့် ကမ္ဘာ့လူဦးရေ တစ်ဘီလီယံခန့်သည် ငတ်မွတ်မှုဒဏ်ကို ခံစားနေရသည်ဟု ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ကြီးက ထုတ်ပြန်ထားကြောင်း။

၂၀၅၀ ခုနှစ်တွင် ရှိလာမည့် ကမ္ဘာ့လူဦးရေ ကိုးဘီလီယံ စားသုံးရန် စားနပ်ရိက္ခာကို လက်ရှိပမာဏထက် ၇၀ ရာခိုင်နှုန်း တိုးတက်ထုတ်လုပ်ရမည်ဖြစ်ကြောင်း စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ကြီးက တွက်ချက်ခန့်မှန်းထားကြောင်း၊ ထို့ကြောင့် ရိက္ခာတိုးတက်ထုတ်လုပ်ရေးတာဝန်သည် ကမ္ဘာ့လူဦးရေ၏ သုံးပုံတစ်ပုံ တစ်နည်းအားဖြင့် လူဦးရေ ၂ ဒသမ ၅ ဘီလီယံကို ကိုယ်စားပြုနေသည့် တောင်သူလယ်သမားထုကြီးနှင့် မိသားစုဝင်များအပေါ် ကျရောက်လျက်ရှိကြောင်း။

စားနပ်ရိက္ခာ တိုးတက်ထုတ်လုပ်ရန် ခေတ်မီနည်းပညာများ အသုံးချရေးအပြင် ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးနှင့် စိုက်ပျိုးရေ တိုးတက်သုံးစွဲမှုများ လိုအပ်လာမည်ဖြစ်ကြောင်း၊ ဤသို့ တိုးတက်သုံးစွဲမှုများကြောင့် မြေဆီလွှာနှင့် ရေအရင်းအမြစ်တို့ကို ထိခိုက်စေနိုင်ကြောင်း၊ ထို့ကြောင့် သီးနှံစိုက်ပျိုးထုတ်လုပ်မှုတွင် ရေရှည်တည်တံ့သည့် နည်းလမ်းများဖြစ်သော မှန်ကန်သည့် နည်းပညာများ၊ ထိရောက်သည့်မူဝါဒများ၊ သဘာဝနှင့် လိုက်လျောညီထွေဖြစ်သည့် နည်းလမ်းများကို တောင်သူလယ်သမားများ အသုံးပြုနိုင်စေရန် ကြိုးပမ်းကြရမည်ဖြစ်ကြောင်း။

သို့မှသာ စိုက်ပျိုးရေးလုပ်ငန်းသည် ပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်၍ ရေရှည်တည်တံ့မည်ဖြစ်သကဲ့သို့ စားနပ်ရိက္ခာကိုလည်း တိုးတက်ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း။

တစ်ဖက်တွင်လည်း ထုတ်လုပ်လိုက်သော စားနပ်ရိက္ခာများကို လူတိုင်းလက်ခံစားသုံးနိုင်ရန် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဤလုပ်ငန်းသည် တစ်ဦးကောင်း တစ်ယောက်ကောင်း ဆောင်ရွက်၍မရဘဲ နိုင်ငံအသီးသီး၏ ပူးပေါင်းဆောင်ရွက်မှုနှင့် သက်ဆိုင်ရာ ပြည်တွင်းပြည်ပအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍများ၏ ပူးပေါင်းပါဝင်မှုများ လိုအပ်ကြောင်း။

မြန်မာနိုင်ငံ၏ စားနပ်ရိက္ခာ ထုတ်လုပ်ရာ အခြေခံကဏ္ဍကြီးဖြစ်သည့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းတွင် စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးဆိုသည့် ရည်မှန်းချက်ကြီးချမှတ်ပြီး ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားရေးဘဝ တိုးတက်မြင့်မားလာရေးကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံတွင် စုစုပေါင်း သီးနှံစိုက်ဧရိယာ ဟက်တာ ၂၂ သန်းကျော်ရှိကြောင်း၊ ယင်းအထဲတွင် ပင်မရိက္ခာသီးနှံအဖြစ် သတ်မှတ်ထားရှိသည့် ဆန်စပါး စိုက်ပျိုးဧရိယာသည် စုစုပေါင်းဟက်တာ ရှစ်သန်းကျော်ထိရှိပြီး ဆန်တန်ချိန် သန်း ၂၀ ဝန်းကျင် ထုတ်လုပ်ပေးလျက်ရှိကြောင်း၊

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးဌေးဦး မိုးစပါးစိုက်ပျိုးထုတ်လုပ်မှု ထူးချွန်မြို့နယ်ဆုရ ကျောက်တန်းမြို့နယ်မှ တာဝန်ရှိသူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။

(သတင်းစဉ်)

ဆန်စပါးထွက်ရှိမှုသည် မြန်မာပြည်သူများ၏ ပြည်တွင်းစားနပ်ရိက္ခာ လိုအပ်ချက်ကို ဖူလုံစွာဖြည့်ဆည်းပေးလျက်ရှိသည့်အပြင် အပိုအလျှံများသည် ကမ္ဘာ့စားနပ်ရိက္ခာ လိုအပ်ချက်ကို တစ်ဖက်မှ အထောက်အကူပြုလျက် ရှိကြောင်း၊ ဆန်ဖူလုံမှုအတွက် ဒေသအလိုက် ဆန်ဖူလုံရေးအစီအမံကို အလေးထား အကောင်အထည် ဖော်ခဲ့သည့်အတွက် ယခုဆိုလျှင် ပြည်နယ်နှင့် တိုင်းဒေသကြီးအချို့ကလွဲ၍ ဒေသဆန်ဖူလုံမှုရှိနေပြီဖြစ်ကြောင်း၊ တစ်ပြည်လုံး အတိုင်းအတာဖြင့်ဆိုလျှင် ပိုလျှံနေပြီဖြစ်ကြောင်း။

ထို့အပြင် အခြေခံစားကုန်များဖြစ်သည့် ပြောင်း၊ ပဲမျိုးစုံ၊ ဆီထွက်သီးနှံနှင့် စားဖိုဆောင်သီးနှံများ၏ ထုတ်လုပ်မှုသည်လည်း ပြည်တွင်းစားသုံးမှုအတွက် ပြည့်စုံလုံလောက်အောင် ထုတ်လုပ်လျက်ရှိကြောင်း၊ ပဲမျိုးစုံစိုက်ပျိုး ထုတ်လုပ်မှုနှင့် ပြည်ပသို့ တင်ပို့ရောင်းချမှုတွင် အာဆီယံနိုင်ငံများကြား ဦးဆောင်နိုင်ငံအဖြစ် ဆောင်ရွက်လျက်ရှိကြောင်း။

စားနပ်ရိက္ခာအတွက် သီးနှံများတစ်နှစ်ပတ်လုံး စိုက်ပျိုးနိုင်ရန် ရေရရှိရေးလုပ်ငန်းများကို ရနိုင်သည့် အရင်းအမြစ်များကနေ နိုင်ငံတော်၏ အစီအမံဖြင့် ဆောင်ရွက်ပေးလျက်ရှိကြောင်း။

၁၉၈၈-၈၉မှစ၍ ယနေ့ထိ ဆည်၊ ရေလှောင်တမံနှင့် ရေထိန်းတံခါးစီမံကိန်းလုပ်ငန်း၂၃၃ခု၊ မြစ်ရေတင်လုပ်ငန်းပေါင်း ၃၂၇ခု၊ မြေအောက်ရေတွင်းပေါင်း ၈၀၃၂တွင်းပြီးစီးခဲ့ပြီး သီးနှံစိုက်ဧရိယာပေါင်း ဟက်တာ ၁ ဒသမ ၃၉ သန်းကို ရေပေးသွင်းစိုက်ပျိုးနိုင်ပြီ ဖြစ်ကြောင်း။

မြန်မာနိုင်ငံ၏ သားငါးကဏ္ဍသည် စားနပ်ရိက္ခာထုတ်လုပ်မှုအတွက် အရေးပါသည့်ကဏ္ဍတစ်ရပ်ဖြစ်ပြီး တိုင်းပြည်၏ စုစုပေါင်းအသားတင်ထုတ်လုပ်မှုတန်ဖိုး၏ ၇ ဒသမ ၆ ရာခိုင်နှုန်းရှိကြောင်း၊ မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍတွင် မျိုးကောင်း

စာမျက်နှာ ၇ ကော်လံ ၁ သို့ ❖

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၇-၁၀-၂၀၁၀ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၁၅ ၂။ အောင်တော်မူ (စောမင်းနောင်၊ စိုင်းညိုမင်း၊ တေးရေး-ဗိုလ်ကလေးတင့်အောင်)
- ၇း၂၅ ၃။ ကျန်းမာဖို့ အတူကစားစို့
- ၇း၃၀ ၄။ နံနက်ခင်းသတင်း
- ၇း၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၇း၅၀ ၆။ ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ
- ၈း၀၅ ၇။ အကပြိုင်ပွဲ
- ၈း၂၀ ၈။ "ကိုယ်တိုင်ရေးတဲ့သင်ခန်းစာ" (ကောင်းခန့်၊ ဟေမာန်အောင်အောင်)
- ၈း၃၀ ၉။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
- ၈း၄၀ ၁၀။ International News
- ၈း၄၅ ၁၁။ "တေးဂီတအစီအစဉ်"
- ၉း၀၀ ၁၂။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

- ၁၁း၀၀ ၁။ စစ်သည်တေး
- ၁၁း၁၀ ၂။ တေးဂီတအစီအစဉ်
- ၁၁း၂၀ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်း
- ၁၁း၃၀ ၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "မပြယ်သောချစ်ခြင်း မနွမ်းသောမေတ္တာ" (အပိုင်း-၅၂)**
- ၁၂း၃၀ ၅။ Golf Magazine(TV)
- ၁၂း၅၀ ၆။ မြန်မာရုပ်ရှင် "မောင်မောင်နဲ့ပထမအချစ်" (ဇော်ဦး၊ မေဆွိ) (ဒါရိုက်တာ-ကြီးမြင့်)
- ၂း၄၀ ၇။ အတီးပြိုင်ပွဲ
- ၂း၅၀ ၈။ International News
- ၃း၀၀ ၉။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၃း၄၅ ၁။ Myanmar National League MNL 2010 ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (မနောမြေ F.C နှင့် Delta United F.C)
- ၆း၀၀ ၂။ ညနေခင်းသတင်း
- ၆း၁၅ ၃။ မိုးလေဝသအခြေအနေ
- ၆း၂၀ ၄။ **ကာတွန်းအစီအစဉ်** "BUGS' ADVENTURES" **(အပိုင်း-၃၃)**
- ၆း၃၅ ၅။ **တစ်မျက်နှာတစ်ကွက်စာ "ပြန်ပေးမှာပါ" (ပထမပိုင်း) (သိင်္ဂီထွန်း၊ ကိုဖြိုး၊ သဒ္ဒါတင်တင်) (ဒါရိုက်တာ-ဘုန်းမျိုးကျော်)**
- ၇း၀၀ ၆။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အတိတ်ရဲ့ပုံရိပ်" (အပိုင်း-၂၄)**
- ၇း၄၅ ၇။ "ဘယ်လိုမဲပေးကြမှာလဲ" (မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဝင်များ)
- ၈း၀၀ ၈။ ပြည်တွင်းသတင်း
- ၉။ နိုင်ငံရေးပါတီများ၏ ဟောပြောချက်အစီအစဉ် (ဒုတိယအကြိမ်)
- ၁၀။ နိုင်ငံတကာသတင်းများ
- ၁၁။ မိုးလေဝသအခြေအနေ
- ၁၂။ **ကာတွန်းအစီအစဉ် "တောကောင်ငယ် သိုင်းညီနောင်လေးများ" (အပိုင်း-၆၆)**
- ၁၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ဘဝမိုးတိမ်" (အပိုင်း-၃)**
- ၁၄။ အစီအစဉ်ပြီး၏။

❖ စာမျက်နှာ ၆ မှ

မျိုးသန့်မွေးမြူထုတ်လုပ်ရေး၊ မွေးမြူရေးဆိုင်ရာ ခေတ်မီနည်းပညာများ တိုးတက်ဖွံ့ဖြိုးရေးတို့ကို အလေးထားဆောင်ရွက်လျက်ရှိကြောင်း။

သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် ရာသီဥတုမျှတရေးကို အထောက်အကူပြု အကျိုးဖြစ်ထွန်းစေသည့် မြန်မာနိုင်ငံ၏ သစ်တောဧရိယာ ဟက်တာ ၃၁ သန်းကျော်ရှိကြောင်း၊ နိုင်ငံတော်အနေဖြင့် သစ်တောများ ရေရှည်တည်တံ့စွာ တည်ရှိနေမှုအပေါ် အလေးထားပြီး သစ်တောများထုတ်ယူသုံးစွဲမှု၊ ရေရှည်ထိန်းသိမ်းမှု၊ ပြန်လည်ပျိုးထောင်မှု၊ ဒီရေတောထိန်းသိမ်းမှုများကို သစ်တောဥပဒေများနှင့်အညီ ချမှတ်ပြီး ဟန်ချက်ညီညီ ဆောင်ရွက်လျက်ရှိကြောင်း။

ရေမြေ၊ တောရိုင်းတိရစ္ဆာန်၊ ဇီဝမျိုးစုံမျိုးကွဲများနည်းပါးခြင်း၊ ဆုတ်ယုတ်ခြင်းနှင့် မျိုးသုဉ်းမှုတို့မှ ကာကွယ်ရန်အတွက် ကာကွယ်တောများ ထိန်းသိမ်းခြင်း၊ အမျိုးသားဥယျာဉ်များ သတ်မှတ်တည်ထောင်ခြင်းနှင့် သဘာဝသယံဇာတ စီမံအုပ်ချုပ်မှုလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးအတွက်လည်း စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့အတွင်း၌ နှစ်စဉ်ဧက တစ်သိန်းခန့် သစ်တောစိုက်ခင်း တည်ထောင်ခြင်း၊ သဘာဝတောကျန်များ ကာကွယ်ထိန်းသိမ်းခြင်း၊ ထင်းအစားထိုး လောင်စာအသုံးချရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ပဲခူးရိုးမတစ်လျှောက် အဖိုးတန်သစ်မျိုးများ ပြန်လည်ဖြည့်ဆည်း စိုက်ပျိုးခြင်း၊ တောပျက်များ ပြန်လည်ပြုစုခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားလိုကြောင်း။

မြန်မာနိုင်ငံသည် တည်ငြိမ်အေးချမ်းမှုရှိသည့် နိုင်ငံဖြစ်ကြောင်း၊ မှန်ကန်ခိုင်မာသည့် မူဝါဒများ စနစ်တကျချမှတ်ပြီး ရေရှည်မျှော်မှန်းချက်များနှင့် ဘက်စုံထောင့်စုံက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံသည် ကမ္ဘာ့စားနပ်ရိက္ခာ ထိပ်သီးညီလာခံကချမှတ်ခဲ့သည့် ဆင်းရဲမွဲတေမှုလျှော့ပါးစေမည့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုရရှိရေး၊ ဆင်းရဲသူများအတွက် အလုပ်အကိုင်နှင့် ဝင်ငွေဖန်တီးနိုင်မည့် မူဝါဒများချမှတ်ရေး၊ စားနပ်ရိက္ခာဖူလုံမှုကို ကာကွယ်သည့် အစီအမံများချမှတ်ရေး၊ လယ်ယာကဏ္ဍနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးစသည့် လုပ်ငန်းစဉ်များကို ASEAN,GMS,ACMECS,BIMSTEC စသည့် ဒေသဆိုင်ရာ အဖွဲ့အစည်းများ၊ UNDP, WFP, WHO, UNICEF, UNESCAP စသည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ ICIMOD, IRRI, ICRISAT, SEAMEO SEARCA, CIRDAP စသည့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် အမြဲတမ်းပူးပေါင်းဆောင်ရွက်လျက်ရှိပြီး ရှေ့ကိုလည်း ဆက်လက်ပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် ကမ္ဘာကြီးမှ သဘာဝဘေးအန္တရာယ်များ၏အကျိုးသက်ရောက်မှုများနှင့် အခြားအကျပ်အတည်းများကို ကြံ့ကြံ့ခံရင်ဆိုင်ရင်း ဆင်းရဲငတ်မွတ်မှုကို ကမ္ဘာပေါ်က အပြီးတိုင် မောင်းထုတ်နိုင်ရန် ကမ္ဘာ့နိုင်ငံအသီးသီးနှင့် သက်ဆိုင်ရာ အဖွဲ့အစည်းများက **“ငတ်မွတ်ဘေးမှ ကင်းဝေးဖို့ စုပေါင်းညီညာကြိုးပမ်းစို့”** ဆိုသည့် ယခုနှစ် ဆောင်ပုဒ်နှင့်အညီ အတူလက်တွဲကြိုးပမ်းကြပါစို့ဟု အလေးအနက် တိုက်တွန်းပြောကြားသည်။

ယင်းနောက် ၂၀၁၀ ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့အထိမ်းအမှတ် ဗီဒီယိုကို ပြသသည်။

ထို့နောက် ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ်၏ သဝဏ်လွှာကို ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ ဌာနေကိုယ်စားလှယ် Dr. Shin Imai က ဖတ်ကြားသည်။

ယင်းနောက် ၂၀၁၀ ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့အထိမ်းအမှတ် ထူးချွန်ဆုများ ပေးအပ်ခြင်းအစီအစဉ်ကို ကျင်းပရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးဌေးဦးက မိုးစပါးစိုက်ပျိုးထုတ်လုပ်မှု ထူးချွန်တောင်သူဆုရ ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့နယ် ဥက္ကံကျေးရွာအုပ်စုမှ တောင်သူ ဦးမြင့်သိန်း၊ မွေးမြူရေးဇုန်ဖော်ဆောင်မှု ဂုဏ်ပြုဆုရ ရှမ်းပြည်နယ်(တောင်ပိုင်း) ရှမ်းရိုးမမွေးမြူရေးဇုန် ကြီးကြပ်မှုကော်မတီနှင့် သစ်တောဦးစီးဌာန၊ စိုက်ခင်းတောင်ယာသမား ထူးချွန်ဆုရ စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် သစ်တောဦးစီးဌာန၊ မိုးစပါးစိုက်ပျိုးထုတ်လုပ်မှု ထူးချွန်မြို့နယ်ဆုရ ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ်၊ နွေစပါးစိုက်ပျိုးထုတ်လုပ်မှု ထူးချွန်မြို့နယ်ဆုရ စစ်ကိုင်းတိုင်းဒေသကြီး ဒီပဲယင်းမြို့နယ်နှင့် ဆီအုန်းစိုက်ပျိုးမှု ထူးချွန်ခြံရှင်ဆုရ တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့နယ်မှ ယုဇနကုမ္ပဏီတို့အား ဆုများ ပေးအပ်သည်။

ဆက်လက်၍ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ ဌာနေကိုယ်စားလှယ်တို့က လယ်ယာစိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍများ၌ ထူးချွန်ဆု ရရှိသူများအား ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဧည့်သည်တော်များသည် ၂၀၁၀ ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့ အထိမ်းအမှတ်အဖြစ် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၊ သစ်တောရေးရာဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့တို့က ခင်းကျင်းပြသထားသည့် ပြခန်းများနှင့် လယ်ယာသုံး စက်ကိရိယာများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ တာဝန်ရှိသူများက စိုက်ပျိုးရေးသိပ္ပံပညာရပ်ဆိုင်ရာ၊ သစ်တောသိပ္ပံပညာရပ်ဆိုင်ရာ၊ မွေးမြူရေးလုပ်ငန်းသိပ္ပံပညာရပ်ဆိုင်ရာနှင့် ရေလုပ်ငန်းသိပ္ပံပညာရပ်ဆိုင်ရာ ဆုရရှိကြသူများ၊ ကမ္ဘာ့စားနပ်ရိက္ခာနေ့အထိမ်းအမှတ် အခြေခံပညာအဆင့်နှင့် စိုက်ပျိုးရေးသိပ္ပံအဆင့် စာစီစာကုံး၊ ပိုစတာပြိုင်ပွဲများနှင့် ဆက်စပ်လုပ်ငန်းကဏ္ဍများတွင် ထူးချွန်ဆုရရှိကြသူများအား ဆုများပေးအပ်ချီးမြှင့်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးဌေးဦးနှင့် ဧည့်သည်တော်များ ၂၀၁၀ ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့ အထိမ်းအမှတ်အဖြစ် ခင်းကျင်းပြသထားသည့် ပြခန်းများကို ကြည့်ရှုအားပေးစဉ်။

(သတင်းစဉ်)

မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေး နေ့စဉ်ထုတ်သတင်းစာများ အချိန်မီထုတ်ဝေနိုင်ရန်အတွက် လုပ်ငန်းတာဝန်များ စွမ်းစွမ်းတမံ ကြိုးပမ်းဆောင်ရွက်ခဲ့သည့် သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း(ရုံးချုပ်)မှ ဌာနခွဲစာရေး ဒေါ်မျိုးသဇင်ဝင်းအား ဂုဏ်ပြုဆု ပေးအပ်ချီးမြှင့်စဉ်။

(သတင်းဖော်ပြပြီး)(သတင်းစဉ်)

သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း အထွေထွေမန်နေဂျာ ဦးဇော်မင်းဦး နေ့စဉ်ထုတ် သတင်းစာများ အချိန်မီထုတ်ဝေနိုင်ရန်အတွက် လုပ်ငန်းတာဝန်များ စွမ်းစွမ်းတမံ ကြိုးပမ်းဆောင်ရွက်ခဲ့သည့် ကြေးမုံသတင်းစာတိုက်မှ ပုံနှိပ်ကျွမ်းကျင်-၄ (စက်) ဦးသက်ဝင်းအား ဂုဏ်ပြုဆု ပေးအပ်ချီးမြှင့်စဉ်။(သတင်းဖော်ပြပြီး)

(သတင်းစဉ်)

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၆) အမှတ်(၄၀) ထွက်ရှိ

ရန်ကုန် အောက်တိုဘာ ၁၆

ယခုတစ်ပတ်ထုတ် ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၆) အမှတ်(၄၀)တွင် ကိုရီးယားက ရွှေမြန်မာတွေကို ပြန်ခေါ်ပြီ၊ ပုဂ္ဂလိကလေကြောင်းလိုင်းသစ် Asian Wings ပြည်တွင်းခရီးစဉ်များ မကြာမီ ပျံသန်းမည်၊ ကန်ဒေါ်လာ ၁၃ ဘီလီယံ ကုန်ကျမည့် ထားဝယ်ရေနက်ဆိပ်ကမ်း စီမံကိန်း စတင်ဖွယ်ရှိ၊ နေပြည်တော်အလှ ရေလမ်းမှကြည့်နိုင်ရန် စီစဉ်၊ ရုပ်သံ၊ အင်တာနက်၊ ဖုန်း တစ်ပြိုင်နက်သုံး FTTX စနစ် ရန်ကုန်မြို့အနှံ့ သုံးနိုင်တော့မည်၊ လေဆိပ်နှင့် အဝေးပြေးကားဂိတ်များတွင် လုံခြုံရေးတိုးမြှင့်ချထား၊ ရွေးကောက်ပွဲအတွက် ကျောင်းတစ်လမပိတ်ပါ၊ မလေးရှားတွင် ယာဉ်မတော်တဆမှုဖြစ် မြန်မာသုံးဦးအပါအဝင် ၁၅ဦး သေဆုံး၊ မိုးကြီး၍ ဆားနှင့် ပုစွန်ကန်များ ပျက်စီး၊ ဘားအံတွင် သင်တန်းတစ်ပတ်တက်ရုံဖြင့် ထိုင်းသို့ တရားဝင်သွားရောက်လုပ်ကိုင်နိုင်၊ ဟိုမှာလည်း မျက်စိနာ ဒီမှာလည်း မျက်စိနာ၊ မလေးရှား INTI မှ အမ်ဘီအေဘွဲ့အတွက် ကျောင်းလခ ရာခိုင်နှုန်း ၅၀ ပညာသင်ဆုပေးမည်၊ မဖွံ့မသို့ ရောက်ခဲ့ရာဝယ် Culture & History၊ ‘တိုင်းသူပြည်သားတွေ စီးပွားရေးပြေလည်ဖို့ကလည်း အဓိက လုပ်ဆောင်မှုပဲ’ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်လောင်း ဦးနေလင်းအောင်နှင့် ဖလားဝါးနယူးစ်ဂျာနယ်တို့ တွေ့ဆုံခြင်း၊ သမိုင်းသင်ခန်းစာကိုယူပြီး ဒီမိုကရေစီနိုင်ငံတော်သစ်ကို လက်တွေ့ကြိုးပမ်းသွားရမည့် Political View၊ ကြီးပွားခြင်းနှင့် အတိဒုက္ခ၊ ဝါလကင်းလွတ် သီတင်းကျွတ် ဦးညွတ်ဖူးမြော် ပူဇော်ကန်တော့ ကဲ့သို့သော ဖတ်စရာမှတ်စရာ ဆောင်းပါးများ ဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာပြီဖြစ်သည်။

‘အမြဲတမ်းမိတ်ဆွေဆိုတာမရှိ အမြဲတမ်း အကျိုးအမြတ်ပဲရှိ’ ဩစတြေးလျ ဝန်ကြီးချုပ်ဟောင်း ဂျွန်ဟိုးဝပ်နှင့်The Straits Times သတင်းစာတို့တွင် တွေ့ဆုံမေးမြန်းခြင်း၊ နိုင်ငံတကာအင်တာဗျူး ဆောင်းပါးနှင့်အတူ ငွေဈေးတက်လို့ ရွှေဈေးပျက်လေသလား၊ သိပ္ပံပညာရှင်တို့က တောရိုင်းတိရစ္ဆာန် မျိုးဆက်သစ်များကို ရှာဖွေတွေ့ရှိ၊ ဂေဟဆိုင်ရာ ကပ်ဘေးဒုက္ခဖြစ်ပေါ်လာမည့်အရေးနှင့် ရင်ဆိုင်နေရ၊ ချီလီ မိုင်းတွင်းလုပ်သားတို့က ကျွန်တော်တို့ ပြန်လာပြီ၊ ဆေးလိပ်သောက်သော ချင်ပန်ဇီကြီး ကွယ်လွန်ရှာပြီ၊ ရက်သတ္တ ၁၇ ပတ်သားအရွယ် သန္ဓေသားက အားပါးတရ ပြုံးပြ၊ သမ္မတ အိုဘားမား မဲဆွယ်စည်းရုံးပွဲတွင် စာအုပ်ဖြင့် ပစ်ပေါက်ခံရ၊ ကမ္ဘာ့အကြီးဆုံးစာအုပ်ကြီးတဲ့လား၊ ဖိလစ်ပိုင် သမ္မတအကြံ့နိုက သတင်းသမားများအား မေတ္တာရပ်ခံ၊ စင်ကာပူလေယာဉ်ဘီးတစ်ဖက်ပြုတ်သော်လည်း ဘေးကင်းစွာ ဆင်းသက်နိုင်၊ လန်ဒန်အကြမ်းဖက်တိုက်ခိုက်မှု တစ်ရက်နောက်ကျ၍ တိုက်ခိုက်ခြင်းဖြစ်ကြောင်း ဖော်ထုတ်နိုင်၊ အမျိုးသမီးတို့သည် နာကျင်မှုဝေဒနာကို ဆိုးရွားစွာ ခံစားရသောလူနာများဖြစ် စသည့် နိုင်ငံတကာ သတင်းများ၊ သတင်းဓာတ်ပုံများ၊ ကျန်းမာရေး၊ ဖျော်ဖြေရေးကဏ္ဍများ စုံလင်စွာဖြင့် e-Empire Media House မှ မြန်မာတစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပြီဖြစ်သည်။

(သတင်းစဉ်)

✦ကျောဖုံးမှ

အန္တာတိကတိုက်၏ ပင်လယ်ကမ်းရိုးတန်း ထက်ဝက်နီးပါးကို ဖုံးလွှမ်းထားသည်။

ထုထည်ကြီးမားသော ရေခဲချပ်လွှာကြီးများအောက်ဘက်ရှိ ပင်လယ်ပြင်ကို လေ့လာရာတွင် အဆင့်မြင့်နည်းပညာသုံး စက်ရုပ်မပါဘဲ မဖြစ်နိုင်ကြောင်း ဗြိတိသျှကိုလံဘီယာတက္ကသိုလ်မှ အသုံးချသိပ္ပံပညာ မဟာဌာန၏ မြို့ပြအင်ဂျင်နီယာပါမောက္ခ ဘားနုတ်လာဝယ်က ပြောကြားသည်။

တပ်ဆင်ထား

အန္တာတိကဒေသ၌ ပင်လယ်ရေအောက်သို့ ငုပ်လျှိုးမည့် စက်ရုပ်ကို UBC-Gavia ဟု အမည်ပေးထားသည်။ ယင်းစက်ရုပ်သည် အလျား ၂ ဒသမ ၅ မီတာ၊ အနံမီတာ တစ်ဝက်ရှိပြီး အပူချိန်တိုင်းကိရိယာ၊ ရေစီးနှုန်းတိုင်းတာနိုင်သော မီတာ၊ ပဲ့တင်သံဖြင့် တည်နေရာ ရှာဖွေနိုင်သော ကိရိယာ၊ ဒစ်ဂျစ်တယ်ကင်မရာ၊ ရေအရည်အသွေး တိုင်းတာကိရိယာနှင့် ဆားငန်ရေပျော်ဝင်နှုန်း တိုင်းတာသောကိရိယာတို့ကို တပ်ဆင်ထားသည်။

အန္တာတိကဒေသ၌ ငုပ်လျှိုးမည့် စက်ရုပ်သည် အလွန်အေးမြသော ရေပြင်အတွင်း သွားလာနိုင်ပြီး ဒု မီတာ ၁၀၀ ရှိ ရေခဲမြစ်၏ အောက်ဘက်၌ ငုပ်လျှိုးကာ လေ့လာမည်ဖြစ်သည်။

အင်တာနက်။

တစ်ချက်တည်းကျင်းဝင်

ရန်ကုန် အောက်တိုဘာ ၁၆

ဦးစိန်ဝင်း (လက်ထောက်အထွေထွေမန်နေဂျာ၊ မြန်မာ့သစ်လုပ်ငန်း)သည် ကစားဖော်များဖြစ်ကြသော ဦးသန်းအောင်နိုင် (ဒုတိယအထွေထွေမန်နေဂျာ-ငြိမ်း၊ မြန်မာ့သစ်လုပ်ငန်း)၊ ဦးတင်သောင်း(မြန်မာ့သစ်လုပ်ငန်း)၊ ဦးကျော်ကျော်ဝေ (မြန်မာ့သစ်လုပ်ငန်း) တို့နှင့်အတူ အောက်တိုဘာ ၉ ရက်တွင် ရန်ကုန်မြို့ (၉)မိုင်ရှိ မြန်မာဂေါက်သီးရိုက်အသင်း၌ ဂေါက်သီးရိုက်ကစားစဉ် TITLEIST PRO VI NO.1 ဘောလုံးကို MARUMAN WOOD(7) တုတ်ဖြင့် ရိုက်လိုက်ရာ ၁၇၃ ကိုက် အကွာအဝေး၌ရှိသော ကျင်းအမှတ်(၂)သို့ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားသည်။

အလားတူ ဦးကံညွှန့်(ဒုတိယညွှန်ကြားရေးမှူး-လဝက)သည် ကစားဖော်များဖြစ်ကြသော ဦးမြင့်အောင် (ပုလဲရွှေစင်ရေယာဉ်လုပ်ငန်း-ပုသိမ်)၊ ဒုတိယဗိုလ်မှူးကြီး ဇေယျာဦး(ငြိမ်း)၊ ဒုတိယဗိုလ်မှူးကြီးမျိုးမင်း(ငြိမ်း)တို့နှင့်အတူ အောက်တိုဘာ ၁၃ရက်က မြန်မာဂေါက်သီးရိုက်အသင်း၌ ဂေါက်သီးရိုက်ကစားစဉ် WILSON STAFF NO.50 ဘောလုံးကို HYBRID NO.4 တုတ်ဖြင့် ရိုက်လိုက်ရာ ၁၄၂ ကိုက် အကွာအဝေး၌ရှိသော ကျင်းအမှတ် (၁၇)သို့ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လျှပ်စစ်ဓာတ်အား ထုတ်လုပ်ပေးနိုင်သည့် စက်ရုံကြီးများ တည်ဆောက်ရန် သဘာဝအရင်းအမြစ်များစွာရှိ နိုင်ငံတကာဖြစ်ပေါ် တိုးတက်ပြောင်းလဲနေသော နည်းပညာရပ်များကို အစဉ်လေ့လာသင်ယူပြီး ထူးချွန်ထက်မြက်သည့် လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွန်းရေး ကြိုးစားဆောင်ရွက်

❐ **ရွှေဖုံးမှ**

ဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း၊ အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသိန်း၊ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးဇော်မင်းနှင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးအောင်မင်းတို့က အခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စက်ရုံမှ တာဝန်ရှိသူများနှင့်အတူ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ဆက်လက်၍ အခမ်းအနားကို စက်ရုံအတွင်း၌ ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်က မင်္ဂလာအချိန်တွင် ရဲရွာရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ၏ အမှတ်(၃) ဓာတ်အားပေးစက်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးရာ စက်စတင်လည်ပတ်မောင်းနှင်သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စက်ရုံမှ အင်ဂျင်နီယာများ၊ ဝန်ထမ်းများနှင့်အတူ စက်စတင်လည်ပတ်ခြင်း အထိမ်းအမှတ်ဓာတ်ပုံရိုက်သည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စက်ရုံ၏ ဓာတ်အားထိန်းချုပ်ခန်း (Control Room) အတွင်း ကြည့်ရှုလေ့လာကြရာ ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းမှ လက်ထောက်အင်ဂျင်နီယာ ဒေါ်ဝင်းပြည့်ဖြိုးက ရဲရွာရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံမှ ဓာတ်အားထုတ်လုပ်မှုနှင့် ဓာတ်အားခွဲရုံများသို့ ဓာတ်အားပို့လွှတ်မှု အခြေအနေတို့ကို လည်းကောင်း၊ စက်ရုံမှူး ဦးတင်မောင်ဦးက ဓာတ်အား ထိန်းချုပ်ခန်းအတွင်း ကွန်ပျူတာဖြင့် စက်များထိန်းချုပ်မောင်းနှင်မှုအခြေအနေကိုလည်းကောင်း ရှင်းလင်းတင်ပြကြရာ ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း ခေတ္တဦးဆောင်ညွှန်ကြားရေးမှူး ဦးခင်မောင်ဝင်းက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

မှာကြား

ဆက်လက်၍ ဝန်ကြီးချုပ်က သိရှိလိုသည်များကို မေးမြန်းပြီး ဓာတ်အားထိန်းချုပ်ခန်းလုံခြုံရေးကို အထူးဂရုပြုဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်က နိုင်ငံခြားသားပညာရှင်များနှင့် စက်ရုံမှ တာဝန်ရှိသူများအား သစ်သီးခြင်း လက်ဆောင်များကို ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်အား နိုင်ငံခြားသားပညာရှင်များက အမှတ်တရလက်ဆောင်ကို လည်းကောင်း၊ ဝန်ကြီး ဦးဇော်မင်းနှင့် တာဝန်ရှိသူများက ရဲရွာရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ ပုံစံငယ် ပန်းချီကားကိုလည်းကောင်း ပေးအပ်ကြသည်။

ရှင်းလင်း

ဆက်လက်၍ အမှတ် (၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးဇော်မင်းက ရဲရွာရေအားလျှပ်စစ် စီမံကိန်းစတင်ဆောင်ရွက်ခဲ့မှု အခြေအနေ၊ နိုင်ငံခြားသား ပညာရှင်များနှင့် ပြည်တွင်းပညာရှင်များ၊ ဝန်ထမ်းများ ပါဝင်ဆောင်ရွက်မှုအခြေအနေ၊ ကမ္ဘာ့အဆင့်မီ နည်းပညာရပ်များနှင့်အညီ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေနှင့် စက်ယန္တရား၊ ယာဉ်များ အသုံးပြုမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်က အမှာစကား ပြောကြားရာ၌ နိုင်ငံသားတိုင်း၏ အလိုအပ်ဆုံးအရာသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေး၊ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ဖြစ်ရေးတို့ပင်ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူတို့၏ ဆန္ဒနှင့်အညီ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို ကြိုးပမ်းဆောင်ရွက်ရင်း တစ်ချိန်တည်းမှာပင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်စေရန် အခြေခံလိုအပ်ချက်ဖြစ်သည့် လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး အပါအဝင် ဘက်စုံကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းတည်ဆောက်လျက်ရှိကြောင်း။

သဘာဝသယံဇာတ

နိုင်ငံတော်၏ စီးပွားရေးမှာ စိုက်ပျိုးရေးကို အခြေခံသည့်အတွက် ပြည်တွင်းစားသုံးမှု ဖူလုံမှုရှိသော်လည်း ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံအဆင့်သို့ ရောက်မလာနိုင်ကြောင်း၊ ထို့ကြောင့် ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် စက်မှုနိုင်ငံ ထူထောင်ကြရမှာ ဖြစ်ကြောင်း၊ နိုင်ငံတွင် သဘာဝသယံဇာတ အရင်းအမြစ်များစွာရှိပြီးဖြစ်၍ ယင်းတို့ကို ထုတ်ယူသုံးစွဲပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

လူသားအရင်းအမြစ်

နိုင်ငံတော်ကို စက်မှုနိုင်ငံတော်အဖြစ် တည်ဆောက်နိုင်ရန် လူသားအရင်းအမြစ်ဖြစ်သည့် အတတ်ပညာရှင်များ လိုအပ်ကြောင်း၊ နိုင်ငံတော်အတွင်း ဖွံ့ဖြိုးရေးဒေသကြီး ၂၄ ခု သတ်မှတ်ပြီး

အမှာစကား ပြောကြား

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ရဲရွာ ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံ၏ အမှတ်(၃) ဓာတ်အားပေးစက် စတင်လည်ပတ်ခြင်း အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ကြည့်ရှုလေ့လာ

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ရဲရွာရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ၏ ဓာတ်အားထိန်းချုပ်ခန်းကို ကြည့်ရှုလေ့လာစဉ်။ (သတင်းစဉ်)



နိုင်ငံသားတိုင်း၏ အလိုအပ်ဆုံးအရာသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေး၊ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ဖြစ်ရေးတို့ပင်ဖြစ်။

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူတို့၏ ဆန္ဒနှင့်အညီ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေး၊ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို ကြိုးပမ်းဆောင်ရွက်ရင်း တစ်ချိန်တည်းမှာပင် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်စေရန် အခြေခံလိုအပ်ချက်ဖြစ်သည့် လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေးအပါအဝင် ဘက်စုံ ကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းတည်ဆောက်လျက်ရှိ။

တိုင်းမှူး ဗိုလ်မှူးချုပ်ရဲအောင်၊ ဝန်ကြီး ဦးအောင်သောင်း၊ ဝန်ကြီး ဦးစိုးသိန်း၊ ဝန်ကြီး ဦးဇော်မင်းနှင့် ဝန်ကြီး ဦးအောင်မင်းတို့ ရဲရွာရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ၏ အမှတ်(၃) ဓာတ်အားပေးစက် စတင်လည်ပတ်ခြင်း အခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)



...ဝအရင်းအမြစ်များစွာရှိ ...စဉ်လေ့လာသင်ယူပြီး ...ကြိုးစားဆောင်ရွက်

အေးချမ်းရေး၊ လုံခြုံရေး၊ တရားဥပဒေ စိုးမိုးရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ဖြစ်ရေးတို့ပင် ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူတို့၏ ဆန္ဒနှင့်အညီ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို ကြိုးပမ်းဆောင်



ဝိဇ္ဇာ/သိပ္ပံ တက္ကသိုလ်တစ်ခု၊ နည်းပညာတက္ကသိုလ်တစ်ခုနှင့် ကွန်ပျူတာတက္ကသိုလ်တစ်ခုစီ တည်ထောင်ပေးထားခဲ့ပြီးဖြစ်၍ လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များကို မိမိတို့ဒေသအတွင်းမှာပင် မွေးထုတ်နိုင်ရေး စီမံဆောင်ရွက်ပေးခဲ့ကြောင်း။

ပင်မစက်ရုံကြီးများထူထောင်

နိုင်ငံတွင် လူသုံးကုန်နှင့် စားသောက်ကုန်များ ထုတ်လုပ်ပေးသည့် စက်ရုံများရှိပြီးဖြစ်သော်လည်း စက်မှုနိုင်ငံအမှန်တကယ်ထူထောင်နိုင်ရန်အတွက် အဆိုပါစက်ပစ္စည်းများကို ထုတ်လုပ်ပေးနိုင်သည့် ပင်မစက်ရုံကြီးများ ထူထောင်ရန်လိုအပ်ကြောင်း၊ ခေတ်မီနည်းပညာများ အသုံးပြုထားသည့် Electronic ပစ္စည်းများ၊ Computer ပစ္စည်းများနှင့် Software များ ထုတ်လုပ်ပေးနိုင်သည့် Brain Industry ကဲ့သို့ စက်ရုံများလည်း ထူထောင်သွားကြရန်လိုအပ်ကြောင်း။

အဓိကလိုအပ်ချက်

စက်မှုနိုင်ငံ ထူထောင်ရာမှာ လျှပ်စစ်စွမ်းအားသည် အဓိကလိုအပ်ချက်တစ်ခုပင် ဖြစ်ကြောင်း၊ ယခုလျှပ်စစ် ... ရှက်ရင်း တစ်ချိန်တည်းမှာပင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်စေရန် အခြေခံလိုအပ်ချက်ဖြစ်သည့် လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး အပါအဝင် ဘက်စုံကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းတည်ဆောက်လျက်ရှိကြောင်း။

သဘာဝသယံဇာတ

နိုင်ငံတော်၏ စီးပွားရေးမှာ စိုက်ပျိုးရေးကို အခြေခံသည့်အတွက် ပြည်တွင်းစားသုံးမှု ဖူလုံမှုရှိသော်လည်း ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံအဆင့်သို့ ရောက်မလာနိုင်ကြောင်း၊ ထို့ကြောင့် ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် စက်မှုနိုင်ငံ ထူထောင်ကြရမှာ ဖြစ်ကြောင်း၊ နိုင်ငံတွင် သဘာဝသယံဇာတ အရင်းအမြစ်များစွာရှိပြီးဖြစ်၍ ယင်းတို့ကို ထုတ်ယူသုံးစွဲပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

လူသားအရင်းအမြစ်

နိုင်ငံတော်ကို စက်မှုနိုင်ငံတော်အဖြစ် တည်ဆောက်နိုင်ရန် လူသားအရင်းအမြစ်ဖြစ်သည့် အတတ်ပညာရှင်များ လိုအပ်ကြောင်း၊ နိုင်ငံတော်အတွင်း ဖွံ့ဖြိုးရေးဒေသကြီး ၂၄ ခု သတ်မှတ်ပြီး

ရေလှောင်ကန်အတွင်း ရေဝင်ရောက်မှု အခြေအနေနှင့် ရဲရွာရေလှောင်ကန်နှင့် ဆက်စပ်ချဉ်းကပ်လမ်းပြမြေပုံကို ကြည့်ရှုကြသည်။

ဆက်လက်၍ ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တမံပတ်လမ်းရှုရပ်မှ ရေပိုလွှဲတမံမှ ရေများကျဆင်းနေမှုနှင့် ရေအားအမြင့်Head ၂၉၉ ပေ၊ လျှပ်စစ်တပ်ဆင်အား စက်တစ်လုံးလျှင် ၁၉၇ ဒသမ ၅ မဂ္ဂါဝပ်ဖြင့် စက်လေးလုံး မဂ္ဂါဝပ် ၇၉၀ တပ်ဆင်လျက် တစ်နှစ်လျှင် လျှပ်စစ် ကီလိုဝပ်နာရီသန်းပေါင်း ၃၅၅၀ သန်း ထုတ်လုပ်ပေးနိုင်မည့် စီမံကိန်းကြီးဖြစ်သည်။

ဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံ ခုနစ်ရုံသာရှိခဲ့ပြီး စုစုပေါင်းလျှပ်စစ်ဓာတ်အားထုတ်ပေးနိုင်သည့် စက်တပ်ဆင်အား ၅၂၉ ဒသမ ၅ မဂ္ဂါဝပ်သာ ရှိခဲ့သည်။ ယခုအခါ နိုင်ငံတော်၌ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ ၁၅ ရုံ၊ ကျောက်မီးသွေးသုံး ဓာတ်အား

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် အမှတ်(၃) ဓာတ်အားပေးစက် စတင်လည်ပတ်ခြင်း အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့် ဝန်ထမ်းများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

စက်ခလုတ်နှိပ် ဖွင့်လှစ်

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ရဲရွာရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ၏ အမှတ်(၃)ဓာတ်အားပေးစက်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။

(သတင်းစဉ်)

၁၉၈၈ ခုနှစ်က နိုင်ငံတော်၌ ရေအားလျှပ်စစ်စက်ရုံ နှစ်ရုံနှင့် သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံ ခုနစ်ရုံသာ ရှိခဲ့ပြီး စုစုပေါင်း လျှပ်စစ်ဓာတ်အားထုတ်ပေးနိုင်သည့် စက်တပ်ဆင်အား ၅၂၉ ဒသမ ၅ မဂ္ဂါဝပ်သာရှိခဲ့၊ ယခုအခါ နိုင်ငံတော်၌ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ ၁၅ ရုံ၊ ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံ တစ်ရုံ၊ သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံ ၁၅ရုံ စုစုပေါင်း ၃၁ ရုံရှိပြီး လျှပ်စစ်စက်တပ်ဆင်အား ၂၈၄၈ ဒသမ ၄ မဂ္ဂါဝပ် ရှိ။

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ရဲရွာရေအားလျှပ်စစ်စီမံကိန်း ပင်မတမံရှုရပ်မှ ရေလှောင်ကန်အတွင်း ရေဝင်ရောက်မှုအခြေအနေကို ကြည့်ရှုစဉ်။ (သတင်းစဉ်)

စက်ရုံနည်းတူ အခြားလျှပ်စစ်ဓာတ်အား ထုတ်လုပ်ပေးနိုင်သည့် စက်ရုံကြီးများ တည်ဆောက်ရန် သဘာဝအရင်းအမြစ် များစွာရှိကြောင်း၊ နိုင်ငံတကာဖြစ်ပေါ်တိုးတက်ပြောင်းလဲနေသော နည်းပညာရပ်များကို အစဉ်လေ့လာသင်ယူပြီး ထူးချွန်ထက်မြက်သည့် လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွန်းရေး ကြိုးစား ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်းဖြင့် မှာကြားသည်။

အခမ်းအနားအပြီးတွင် ဝန်ကြီးချုပ်သည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့် ဝန်ထမ်းများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရဲရွာရေအားလျှပ်စစ်စီမံကိန်း ပင်မတမံ ရှုရပ်မှ Switchyard တို့ကို ထပ်မံကြည့်ရှုကြသည်။

စတင်ဆောင်ရွက်

ရဲရွာ ရေအားလျှပ်စစ်စီမံကိန်းကို ၂၀၀၁-၂၀၀၂ ခုနှစ်၌ စတင်ခဲ့ပြီး ဒီဇိုင်းအားလုံးပြီးအောင် စောင့်ဆိုင်းခြင်းမပြုဘဲ ဒီဇိုင်းတစ်ခုရလျှင် တစ်ခု စတင်ဆောက်လုပ်သည့် စနစ်ဖြင့် စတင်ဆောင်ရွက်ခဲ့ခြင်း ဖြစ်သည်။ ရဲရွာတမံသည် ပထမဦးဆုံးသော RCC တမံအမျိုးအစားဖြစ်ပြီး ရေလွှဲဥမင် နှစ်ခု၊ အချင်း ၃၃ ပေ၊ အလျား ၃၁၁၇ ပေ၊ တမံအလျား ၂၂၆၄ ပေ၊ တမံအမြင့် ၄၃၃ ပေ၊ ကန်ရေပြည့် ရေလှောင်ပမာဏ ဧကပေ ၂၁ ဒသမ ၁၄ သိန်း၊ ရေပိုလွှဲအကျယ် ၄၄၈ ပေ၊

ဓာတ်အားပို့လွှတ်

ရဲရွာရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံ၏ စက်အမှတ်(၁)ကို ၂၀၁၀ခုနှစ် ဖေဖော်ဝါရီ ၂၄ ရက်တွင် လည်းကောင်း၊ စက်အမှတ်(၂)ကို ဇူလိုင် ၁၆ ရက်တွင်လည်းကောင်း စတင်လည်ပတ်ဓာတ်အားပို့လွှတ်ခဲ့ပြီး စက်အမှတ်(၃)ကို ယနေ့မှစ၍ လည်ပတ်ဓာတ်အားပို့လွှတ်သွားမည်ဖြစ်သည်။ ကျန်ရှိသည့် စက်အမှတ်(၄) ကိုလည်း မကြာမီကာလအတွင်း စတင်လည်ပတ်သွားနိုင်မည်ဖြစ်သည်။

အားသွန်ခွန်စိုက်

၁၉၈၈ခုနှစ်က နိုင်ငံတော်၌ ရေအားလျှပ်စစ်စက်ရုံ နှစ်ရုံနှင့် သဘာဝ ... ပေးစက်ရုံတစ်ရုံ၊ သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံ ၁၅ရုံ စုစုပေါင်း ၃၁ ရုံရှိပြီး လျှပ်စစ် စက်တပ်ဆင်အား ၂၈၄၈ ဒသမ ၄ မဂ္ဂါဝပ်ရှိသည်။ နိုင်ငံတော်၌ လျှပ်စစ်ဓာတ်အား ပိုမိုတိုးတက်ထုတ်လုပ်ရရှိနိုင်ရေး၊ ပြည်သူများ၏ လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရေးတို့အတွက် ဝန်ကြီးဌာန၊ တိုင်းရင်းသား လုပ်ငန်းရှင်များနှင့် ပြည်ပမှ ရင်းနှီးမြှုပ်နှံမှုများဖြင့် အားသွန်ခွန်စိုက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

(သတင်းစဉ်)

ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့် သင်တန်းဖွင့်ပွဲ တက်ရောက်

ရန်ကုန် အောက်တိုဘာ ၁၆

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ဝင်းမြင့်သည် အောက်တိုဘာ ၁၁ ရက် နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ်ရှိ ဗဟိုသင်တန်းကျောင်း (လှိုင်သာယာ)သင်တန်းခန်းမ၌ ကျင်းပသော အငယ်တန်းအင်ဂျင်နီယာ(၂) ကျွမ်းကျင်မှုအခြေခံသင်တန်း အမှတ်စဉ်(၃/၂၀၁၀) သင်တန်းဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍သင်တန်းဖွင့်အမှာစကား ပြောကြားသည်။ အဆိုပါသင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၄၀ တို့ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တသုံးပတ် ကြာမြင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဆန်းဦး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် အောက်တိုဘာ ၁၆

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဆန်းဦးသည် အောက်တိုဘာ ၁၁ ရက် နံနက်ပိုင်းတွင် တောင်ကြီး-ရပ်စောက်-ကျိုင်းခမ်းလမ်းတစ်လျှောက် လမ်း/တံတား ကြံ့ခိုင်မှုအခြေအနေများနှင့် လမ်းဘေး ဝဲ၊ ယာ မိုးစပါးစိုက်ခင်းများကို မော်တော်ယာဉ်ဖြင့် ဖြတ်သန်းကြည့်ရှုစစ်ဆေးပြီး ရပ်စောက်မြို့နယ် ကျိုင်းခမ်းကျေးရွာ နယ်မြေခံတပ်ရင်းခန်းမ၌ တပ်ရင်းမှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် တွေ့ဆုံ၍ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် ချီးမြှင့်ပစ္စည်းများ ပေးအပ်သည်။

ထို့နောက် တပ်မိသားစုဝင်များ၏ တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူထားရှိမှု အခြေအနေများ၊ တပ်ပိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများနှင့် တပ်ရင်းကုန်စုံဆိုင်အတွင်း ရောင်းချမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

ယင်းနောက် တိုင်းမှူးသည် ကျိုင်းခမ်းကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်းသို့ရောက်ရှိပြီး တာဝန်ရှိသူများ၏ ကျောင်းမြေနေရာရရှိထားမှုနှင့် ကျောင်းဆောင်များ ဆောက်လုပ်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြမှုအပေါ် လိုအပ်သည်များ ဖြည့်ဆည်းမှာကြားပြီး ကျောင်းအတွက် အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ကျိုင်းခမ်းတိုက်နယ်ဆေးရုံသို့ရောက်ရှိပြီး ဆေးရုံတက်ရောက်ကုသလျက်ရှိသည့် လူနာများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကား ပြောကြားကာ ထောက်ပံ့ငွေများပေးအပ်၍ ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဆေးရုံအတွက် ဆေးဝါးပစ္စည်းများ ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြိတ်မြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၏ ၂၀၀၉-၂၀၁၀ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို စက်တင်ဘာ ၁၂ ရက်က အထက(၃) ပညာရတနာခန်းမ၌ ကျင်းပရာ နဝမတန်းတွင် ပထမဆုရရှိသူ မပန်ဆုဝေအား ကျောင်းအုပ်ကြီး ဒေါက်တာသင်းသင်းခိုင် ဆုချီးမြှင့်စဉ်။ (ပညာရေး)

ဧရာဝတီဘဏ်မိသားစု ဒါရိုက်တာ ဦးဝေလင်းထွန်းနှင့် ဒါရိုက်တာအဖွဲ့ဝင် ဒေါ်အေးသီဂီသန်းတို့ မအူပင်မြို့နယ်သို့ မီးသတ်ယာဉ်နှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများပေးအပ်ရာ ဒုတိယညွှန်ကြားရေးမှူး ဦးကြည်ဝင်း လက်ခံစဉ်။ (သတင်းစဉ်)

မီးသတ်ယာဉ်လှူဒါန်းပွဲ ကျင်းပ

ရန်ကုန် အောက်တိုဘာ ၁၆

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့နယ်သို့ ဧရာဝတီဘဏ်မိသားစုက မီးသတ်ယာဉ်လှူဒါန်းပွဲကို အောက်တိုဘာ ၁၀ ရက် မွန်းလွဲ ၁ နာရီတွင် မအူပင်မြို့ တိုးရွှေဝါခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မအူပင်ခရိုင်ဥက္ကဋ္ဌ ဦးအေးသောင်းက အမှာစကား ပြောကြားပြီး မီးသတ်ဦးစီးဌာန အောက်မြန်မာပြည် ကွပ်ကဲရေးမှူးရုံး ဒုတိယညွှန်ကြားရေးမှူး ဦးကြည်ဝင်းက မီးသတ်လုပ်ငန်းအကြောင်းကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဧရာဝတီဘဏ်မိသားစု ဒါရိုက်တာ ဦးဝေလင်းထွန်းနှင့် ဒါရိုက်တာအဖွဲ့ဝင် ဒေါ်အေးသီဂီသန်းတို့က မီးသတ်ယာဉ်နှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများကို ပေးအပ်ကြရာ ဒုတိယညွှန်ကြားရေးမှူး ဦးကြည်ဝင်းက လက်ခံပြီး မြို့မိမြို့ဖတစ်ဦးက ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

စားသောက်ကုန်စည်ပြပွဲ THREE FRIENDS TRADING CO.,LTD. ပါဝင်ပြသ

ရန်ကုန် အောက်တိုဘာ ၁၆

ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ အောက်တိုဘာ ၁၅ ရက်မှ ၁၈ ရက်အထိ စားသောက်ကုန်စည်ပြပွဲကို ပြသလျက်ရှိရာ Three Friends Trading Co.,Ltd. က ပါဝင်ပြသသည်။ အဆိုပါပြခန်းတွင် ကြက်ဥပေါင်းစက်၊ ပူတင်းပေါင်းစက်၊ ဒိန်ချဉ်ချက်စက်၊ စတူးအိုး၊ ပေါက်စီပေါင်းစက်၊ ခြင်ဖမ်းစက်၊ ကြွက်ပြေးစက်၊ အကြော်ခံအိုးနှင့် လျှပ်စစ်မီးဖိုများကို ပါဝင်ပြသထားသည်။ စတူးအိုးမှာအသားမျိုးစုံကို အရသာမပျက်စီးစေဘဲ ပေါင်းနိုင်သည်။ ခြင်ဖမ်းစက်မှာ မော်ဒယ်လ်နှစ်မျိုးရှိပြီး ကြွက်ပြေးစက်မှာ မော်ဒယ်လ်သုံးမျိုးဖြင့် ပြသထားသည်။ ကြက်ဥပေါင်းစက်မှာ သာမန်ပြုတ်ထားသော ကြက်ဥများနှင့်မတူညီဘဲ ပေါင်းထားခြင်းကြောင့် အရသာထူးခြားသည်။ အကြော်ခံအိုးများမှာ ဟင်းသီးဟင်းရွက်များကို ကြော်ချက်ရာတွင် အရောင်ပြောင်းလဲမှုမရှိဘဲ ပါဝင်သော ဗီတာမင်ဓာတ်များအား ပျက်စီးမှု မရှိစေပါ။ အကြော်ခံအိုးမှာ အပူပျံ့နှံ့မှုလျင်မြန်သဖြင့် ဟင်းများကို လျင်မြန်စွာ ကျက်စေပြီး တူးကပ်မှုမရှိစေရန်လည်း စီမံထုတ်လုပ်ထားသည်။

လျှပ်စစ်မီးဖိုများမှာ မော်ဒယ်လ်သုံးမျိုးဝင်ရောက်ပြီး မည်သည့်အိုးအမျိုးအစားမဆို အသုံးပြုနိုင်သည်။ Timer နှင့် အပူချိန်အတိုးအလျှော့ခလုတ်များ ပါဝင်ပြီး ဟင်းချက်ပြုတ်ခြင်း၊ အသားကင်ခြင်းနှင့် Hot Pot ချက်ပြုတ်ခြင်းအတွက် အသုံးပြုနိုင်သည်။ Three Friends Trading Co.,Ltd. မှ တင်သွင်းဖြန့်ချိသော ကုန်ပစ္စည်းများအား သီတင်းကျွတ်အကြိုအထူးလျှော့ဈေးများဖြင့် အောက်တိုဘာ ၁၅ ရက်မှ အောက်တိုဘာ ၁၈ ရက်ထိ တပ်မတော်ခန်းမပြပွဲ၌ ရောင်းချပေးလျက်ရှိသည်။ အဆိုပါ ကုန်ပစ္စည်းများအား Three Friends Trading Co., Ltd. တည်ရှိရာ အမှတ်(၆၅/၇၀) အခန်းအမှတ်(၂၀၂) ချမ်းသာဂုဏ်ရောင် ကွန်ဒိုမီနီယံ သံသုမာလမ်း တာမွေမြို့နယ် ဖုန်း-၀၁-၅၄၂၇၂၅၊ ၀၉-၅၁၃၃၉၀၅၊ ၀၉-၅၁၈၁၄၀၁ နှင့် ၀၁-၄၃၀၁၃၈၊ Ext: ၁၀၂၆ တို့တွင် ဆက်သွယ်ဝယ်ယူရရှိနိုင်ပြီး မန္တလေးမြို့တွင် အမှတ်(၈၄/၆၃)၊ ၆၅ x ၆၆ ခိုင်ရွှေဝါနှင့် ဇလပ်ဝါလမ်းကြား ချမ်းမြသာစည်မြို့နယ်(မြို့သစ်) မန္တလေးမြို့ ဖုန်း-၀၂-၇၈၇၅၉ နှင့် ၀၉-၉၀၄၂၅၄၆ တို့တွင် ဝယ်ယူရရှိနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

မြန်မာ့စားသောက်ကုန်စည်ပြပွဲတွင် Three Friends Trading Co., Ltd. ပါဝင်ပြသစဉ်။ (သတင်းစဉ်)

မိုင်းတုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆေးရုံလမ်း၊ တံတားပြုပြင်နေမှုကို ပြည်နယ်ညွှန်ကြားရေးမှူး ဦးစိုင်းထွန်းထွန်း ကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ကြံခင်းမြို့နယ်အသင်း (ရန်ကုန်) မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၁၆

ကြံခင်းမြို့၌ နှစ်စဉ်ကျင်းပသော စုပေါင်းလှူဒါန်းပွဲသို့ ရန်ကုန်မြို့ရောက် ကြံခင်းသူ၊ ကြံခင်းသားများနှင့် အသင်းသူ၊ အသင်းသားများစုပေါင်း၍ ကြံခင်းမြို့သို့ အောက်တိုဘာ ၂၁ ရက်တွင် သွားရောက် လှူဒါန်းကြမည်ဖြစ်ကြောင်း သိရှိရသည်။

စုပေါင်းလှူဒါန်းပွဲနှင့်အတူ ကြံခင်းအထက၌ ပြုလုပ်မည့် မြတ်ဆရာပူဇော်ပွဲသို့ တက်ရောက်ကန်တော့ခြင်း၊ ၂၀၁၀ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ကြံခင်းမြို့နယ်မှ ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုများ ချီးမြှင့်ခြင်း၊ ကြံခင်းဇာတိဖွား အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်များ၊ သူနာပြုဆရာမများနှင့် ဆေးဘက်ဆိုင်ရာပညာရှင်တို့က ဒေသခံပြည်သူများအား အခမဲ့ ကွင်းဆင်းဆေးကုသခြင်းနှင့် ကြံခင်းမြို့နယ် ပြည်သူ့ဆေးရုံသို့ နှလုံးစမ်းသပ်စက် (ECG)နှင့်တကွ ဆက်စပ်ပစ္စည်းများအား လှူဒါန်းသွားမည်ဖြစ်သည်။

ဆက်သွယ်

အလှူငွေထည့်ဝင်လိုသူများနှင့် လိုက်ပါလိုသူများသည် အောက်တိုဘာ ၁၉ ရက် နောက်ဆုံးထား၍ ဗိုလ်မှူးကြီးစန်းလွင်(ငြိမ်း)ဥက္ကဋ္ဌ ဖုန်း-၀၁-၆၃၆၇၈၀၊ ဦးစိန်ငွေး(အတွင်းရေးမှူး) ဖုန်း-၀၁-၆၆၃၄၈၉၊ ၀၉-၅၁၃၂၀၅၈၊ ဒေါ်တင်တင်ထွေး (ဘဏ္ဍာရေးမှူး) ဖုန်း-၀၁-၅၄၁၀၆၅ နှင့် ဒေါ်အေးအေးညွန့် (အလုပ်အမှုဆောင်) ဖုန်း-၀၁-၆၄၆၅၇၁ တို့ထံ ဆက်သွယ်ကြပါရန် နှိုးဆော်ထားကြောင်း သိရှိရသည်။ (ကြေးမုံ)

မန္တလေးတက္ကသိုလ် ဘူမိဗေဒဌာန အာစရိယပူဇော်မည်

မန္တလေး အောက်တိုဘာ ၁၆

မန္တလေးတက္ကသိုလ် ဘူမိဗေဒဌာန၏ (၁၀)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၄ ရက် နံနက် ၈နာရီတွင် မန္တလေးတက္ကသိုလ်မြေမှာရှိ ORIENTAL HOUSE (၆၄ လမ်းနှင့် ၂၇ လမ်းထောင့်) ၌ ကျင်းပမည်ဖြစ်ရာ ဦးကျော်ဟန် (၁၉၇၅) ဖုန်း-၀၉-၆၅၀၀၃၉၀၊ ဦးညွန့်မောင်(၁၉၇၆) ဖုန်း- ၀၉-၆၉၇၁၅၀၁၊ ဒေါက်တာဝင်းမြင့် (၁၉၇၇) ဖုန်း-၀၆၆-၄၀၂၇၁၊ ဦးငြိမ်းချမ်း (၁၉၇၉) ဖုန်း-၀၉၂၀၀၁၂၇၇၊ ဒေါက်တာမောင်မောင်နိုင် (၁၉၈၂) ဖုန်း-၀၉-၂၀၀၂၈၂၀၊ ဒေါက်တာသန်းသန်းနု (၁၉၈၃) ဖုန်း-၀၂-၉၁၀၂၁၁၀၂၊ ၀၂-၆၈၄၉၃၊ ကိုသက်တိုးနိုင် (ရတနာပုံတက္ကသိုလ်) ဖုန်း-၀၂-၆၂၀၄၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

နယ်များရှိ ဘူမိဗေဒတွဲ့ရ ကျောင်းသား၊ ကျောင်းသူဟောင်းများသည် သက်ဆိုင်ရာ နယ်တက္ကသိုလ်များရှိ ဘူမိဗေဒဌာနများတွင် ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၁၇-၁၀-၂၀၁၀ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ တရားတော်
၇:၁၅ ၃။ ဓမ္မပူဇာတေး
၇:၂၀ ၄။ မျိုးချစ်တပ်မတော်
၇:၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၈:၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
၈:၁၆ ၁၂။ ပြီးပါပြီ။

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ မြဝတီအဖွင့်
၁၁:၀၅ ၂။ အဖွင့်သီချင်း
၁၁:၁၀ ၃။ မျိုးချစ်တပ်မတော်
၁၁:၃၀ ၄။ ကာတွန်းအစီအစဉ် -အမြွာစုံထောက် (အပိုင်း-၄၈)
၁၁:၂၅ ၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -မျှော်လင့်ခြင်းရဲ့ရထားတစ်စီး**
၁၂:၃၀ ၆။ ကျန်းမာသုတ
၂:၀၀ ၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ချစ်မျက်ရည်လေး ပြယ်ပါစေ (အပိုင်း-၇)**
၂:၅၀ ၉။ အပိတ်နှုတ်ဆက်စကား။
၂:၅၅ ၁၀။ ပြီးပါပြီ။

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ မျိုးချစ်တပ်မတော်
၄:၂၅ ၄။ မြတ်နိုးကြစေ အမျိုးသားအမွေ
၄:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၄:၃၅ ၆။ သာယာသီကြွေး ခေတ်ဆန်းတေး
၄:၄၅ ၇။ ဒီဗိုင်နာတို့ရဲ့ဒီဗိုင်း
၄:၅၅ ၈။ ဘယ်လိုမဲပေးကြမှာလဲ
၆:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၂၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၆:၃၀ ၁၁။ ဘဝကြေးမုံ -သံသရာကြွေးဝန်လေးမှာကြောက်သူ(အပိုင်း-၂) (အကယ်ဒမီခင်စိုးပိုင်၊ အနုပညာဝင်းနိုင်၊ ဟာသရုပ်စုံချစ်စမ်းမောင်၊ ဒေါ်မြင့်နှင့်အဖွဲ့) [ဒါရိုက်တာ-တင်မောင်အေး (တစ်ပါးသီလ)]
၆:၅၀ ၁၂။ ဂင်းနစ်ကမ္ဘာ့စံချိန်တင် ပြိုင်ပွဲများ
၇:၀၀ ၁၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -စိမ်းရောင်ခြယ် လှည်းကလေး (အပိုင်း-၅၉)**
၈:၀၀ ၁၄။ မြဝတီရုပ်မြင်သံကြားသတင်း
၁၅။ အမျိုးသားရေးတေးကဗျာ
၁၆။ နိုင်ငံရေးပါတီများ ဟောပြောချက်
၁၇။ နိုင်ငံတကာသတင်း
၁၈။ မိုးလေဝသသတင်း
၁၉။ ပဟေဠိနန်းတော်
၂၀။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၁။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - သိုင်းသမားခုနစ်ဖော် (အပိုင်း-၆)**
၂၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - လင်းရောင်စဉ်အတွက် ပုံရိပ်များ (အပိုင်း-၃၄)**
၂၃။ သင့်အတွက်မနက်ဖြန်
၂၄။ အပိတ်နှုတ်ဆက်စကား
၂၅။ ပြီးပါပြီ။

ပုဂံအပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသုတေသနဓမ္မသဘင် ဇမ္ဗူဒီပဗိမာန်တော် သီတင်းကျွတ် ဓမ္မသဘင်ကျင်းပမည်

နေပြည်တော် အောက်တိုဘာ ၁၆

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့ ပုဂံရှေးဟောင်း ယဉ်ကျေးမှု နယ်မြေ ညောင်ဦး-ပုဂံလမ်း မြစည်းခုံဘုရားအနီးရှိ သာသနာရေးဝန်ကြီးဌာန ပုဂံ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသုတေသန ဓမ္မသဘင် ဇမ္ဗူဒီပဗိမာန်တော်၌ (၁၃၇၂ ခုနှစ် သီတင်းကျွတ်လဆန်း ၁၄ ရက်) အောက်တိုဘာ ၂၂ ရက် (သောကြာနေ့) နှင့်(သီတင်းကျွတ်လပြည့်) အောက်တိုဘာ ၂၃ ရက် (စနေနေ့) ည ၇ နာရီတွင် ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် သာစု ပရိယတ္တိစာသင်တိုက်မှ ရွှေညဝါ ဆရာတော် ဘဒ္ဒန္တ ပညာသီဟ(ဓမ္မာစရိယ)က နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြား ချီးမြှင့်တော်မူမည်ဖြစ်ပါ၍ တရားတော်နာယူလိုသည့် ဓမ္မမိတ်ဆွေ အပေါင်း တရားတော်နာယူနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ တောင်ပိုင်းဒေသများ မိုးပိုလာနိုင်

နေပြည်တော် အောက်တိုဘာ ၁၆

ယနေ့နံနက် ၉ နာရီခွဲအချိန်ထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက ကယားပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်းတို့တွင် နေရာကွက်ကျား၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာခဲ့ပြီး မန္တလေးတိုင်းဒေသကြီးတွင် ဒေသအလိုက်နှင့် မကွေးတိုင်းဒေသကြီးတွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** နေပြည်တော်ခရိုင် လယ်ဝေးမြို့နယ်တွင် ၁ ဒသမ ၄၂ လက်မ၊ ညောင်ဦးမြို့တွင် ၄ ဒသမ ၀၆ လက်မ၊ သီပေါမြို့တွင် ၂ ဒသမ ၇၁ လက်မ၊ မကွေးမြို့တွင် ၁ ဒသမ ၇၃ လက်မ၊ မိတ္ထီလာမြို့တွင် ၁ ဒသမ ၅၈ လက်မ၊ ပျော်ဘွယ်မြို့တွင် ၁ ဒသမ ၅၀ လက်မ၊ တောင်ငူမြို့တွင် ၁ ဒသမ ၂၆ လက်မနှင့် လွိုင်ကော်မြို့တွင် ၁ ဒသမ ၁၀ လက်မတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ ယနေ့ မြန်မာစံတော်ချိန် ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းတွင်ဖြစ်ပေါ်ခဲ့သောမုန်တိုင်းငယ်သည် အိန္ဒိယနိုင်ငံ သြရိသကမ်းခြေ ဂိုပါလ်ပူမြို့ (Gopalpur) အနီးမှ ကုန်းတွင်းသို့ ဖြတ်ကျော်ဝင်ရောက်ခဲ့ပြီး ဖြစ်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

အောက်တိုဘာ ၁၇ ရက် ညနေထိခန့်မှန်းချက်။ ။ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ် မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်။ ။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန် ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် မိုးပိုလာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ဖြစ်ပေါ်ခဲ့သောမိုးလေဝသအခြေအနေ

အမြင့်ဆုံးအပူချိန်	၃၃ ဒသမ သုည ဒီဂရီစင်တီဂရိတ်	(၉၁ ဒီဂရီဖာရင်ဟိုက်)	၁၅-၁၀-၂၀၁၀
အနိမ့်ဆုံးအပူချိန်	၂၃ ဒသမ သုည ဒီဂရီစင်တီဂရိတ်	(၇၃ ဒီဂရီဖာရင်ဟိုက်)	၁၆-၁၀-၂၀၁၀
၉း၃၀ နာရီအချိန် စိုထိုင်းဆ	၉၂ ရာခိုင်နှုန်း		၁၆-၁၀-၂၀၁၀
မိုးရေချိန်	သုည ဒသမ ၅၉ လက်မ		၁၆-၁၀-၂၀၁၀

ဆဌမအကြိမ် ကြည့်မြင်တိုင်ကျောင်းကြီးတိုက် မဟာသကျမုနိရုပ်ပွားတော်မြတ်ကြီး ဗုဒ္ဓပူဇနီယပွဲတော် အထူးတရားပွဲကျင်းပမည်

ဟောကြားမည့်ဆရာတော်ကြီးများ	ဟောကြားမည့်နေ့ရက်
နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇအဂ္ဂမဟာ ဇောတိက အဂ္ဂမဟာပဏ္ဍိတ (ဝဋံ့သကာပါဠိသိရောမဏိ) ဗန်းမော်ဆရာတော် ဒေါက်တာ အရှင်ကုမာရာဘိဝံသ (D.Litt)	၁၃၇၂ ခုနှစ်၊ သီတင်းကျွတ်လဆန်း (၁၁) ရက် အင်္ဂါနေ့ (၁၉-၁၀-၂၀၁၀) ည ၇း၃၀ နာရီ
စစ်ကိုင်းတောင်ရိုး သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်အဓိပတိ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ သီတဂူဆရာတော် ဒေါက်တာ အရှင်ဉာဏိဿရ (D.Litt), Ph.D	၁၃၇၂ ခုနှစ်၊ သီတင်းကျွတ်လဆန်း (၁၂) ရက် ဗုဒ္ဓဟူးနေ့ (၂၀-၁၀-၂၀၁၀) ည ၇း၃၀ နာရီ
ရန်ကုန်မြို့ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ် အပြည်ပြည်ဆိုင်ရာ အဘိဓမ္မာမဟာသိပ္ပံ ပါမောက္ခချုပ် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ အရှင်နန္ဒမာလာဘိဝံသ	၁၃၇၂ ခုနှစ်၊ သီတင်းကျွတ်လဆန်း (၁၃) ရက် ကြာသပတေးနေ့ (၂၁-၁၀-၂၀၁၀) ည ၇း၃၀ နာရီ
တိပိဋကဓရ၊ တိပိဋက ကောဝိဒ၊ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ (ယောဆရာတော်)	၁၃၇၂ ခုနှစ်၊ သီတင်းကျွတ်လဆန်း (၁၄) ရက် သောကြာနေ့ (၂၂-၁၀-၂၀၁၀) ည ၇း၃၀ နာရီ
ဓမ္မကထိက ဗဟုဇနဟိတဓရ၊ ဓမ္မာစရိယ ဓမ္မဒူတ ဒေါက်တာ အရှင်ဆေကိန္ဒ	၁၃၇၂ ခုနှစ်၊ သီတင်းကျွတ်လပြည့်နေ့ စနေနေ့ (၂၃-၁၀-၂၀၁၀) ည ၇း၃၀ နာရီ

လက်ထပ်ပြီးစီးခြင်း

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ ၂၇လမ်းနေ
ဦးထွန်းထွန်းမြင့်(ဥက္ကဋ္ဌ-PGSC)-ဒေါက်တာဒေါ်ချိုချိုအောင်(ပါမောက္ခ ITBMU)တို့၏သားကြီး

မောင်သစ်ထွန်းအောင်

B.E (Noval Architecture Marine Surveyor)
(International Ship Classification)

နှင့်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ စန္ဒာမြိုင်ကွန်ဒိုနေ
(ဒေါက်တာဦးအောင်မျိုးဌေး)-နော်ဘီအက်ထရစ်နော့တို့၏သမီးကြီး

မနုနုထွေး @ Dimple Aung

Fashion Designer IADCS
(International Advanced Diploma in Computer Studies)

တို့သည် ၇-၈-၂၀၁၀ရက်တွင် စင်ကာပူနိုင်ငံ Rom (Registary of marriages)၌ နှစ်ဖက်သောမိဘများ၏ သဘောတူညီချက်ဖြင့် လက်ထပ်ပြီးစီးပါကြောင်း။

မောင်သစ်ထွန်းအောင်-မနုနုထွေး

လက်ထပ်ပြီးစီးခြင်း

ရန်ကုန်မြို့၊ လသာမြို့နယ်၊ (၂၄)လမ်းနေ
ဦးကျော်စိုး-ဒေါ်မြင့်မြင့်ဝင်းတို့၏သားကြီး

မောင်မြတ်ထွဋ်ဝင်း

B.E(Mechanical YTU)
M.Sc(Smart Product Design NTU Singapore)
Project Engineer (Envipure Pte Ltd Singapore)

နှင့်

မကွေးတိုင်းဒေသကြီး၊ မင်းလှမြို့၊ အမှတ်(၄)ရပ်ကွက်၊ ပြည်တော်သာလမ်းနေ
ဦးမောင်မောင်-ဒေါ်ခင်လေးတင့်(Ever Fine)တို့၏တစ်ဦးတည်းသောသမီး

မခိုင်ဇာဟိန်း(ခ)ရှိုင်း

B.Com (Meiktila Institute of Economic)
Group Dip in Management Accounting (LCCI, UK)
Dip in Managerial Principles (LCCI, UK)
Dip in Marketing (LCCI, UK)
Accounts Executive (Chem-Solv Technologies Pte Ltd) Singapore

တို့သည် နှစ်ဖက်သောမိဘများ၏ သဘောတူခွင့်ပြုချက်ဖြင့် ၁၀-၁၀-၂၀၁၀ ရက်တွင် စင်ကာပူနိုင်ငံ၌ လက်မှတ်ရေးထိုးလက်ထပ်ပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်မြတ်ထွဋ်ဝင်း-မခိုင်ဇာဟိန်း(ခ)ရှိုင်း

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ
လေလှိုင်းသံ လူသတ်သမား-
နားမယောင်လေနဲ့ သတိထား။

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအင်တာနက်သတင်း

ပင်လယ်ရေအောက်၌ ငုပ်လျှိုးနိုင်သော စက်ရုပ်ဖြင့် အန္တာတိကဒေသ၌ သိပ္ပံပညာရှင်များ လေ့လာမည်

ဝိတိုရိယ အောက်တိုဘာ ၁၆

တောင်ဝင်ရိုးစွန်းဒေသ အန္တာတိကတိုက်ရှိ ရေခဲဖုံးလွှမ်းနေသော ပင်လယ်သမုဒ္ဒရာဒေသကို စူးစမ်းလေ့လာနိုင်ရန် ပင်လယ်ရေအောက်သို့ ငုပ်လျှိုးနိုင်သော စက်ရုပ်တစ်ရုပ်ကို အသုံးပြုမည်ဖြစ်ကြောင်း ကနေဒါသိပ္ပံပညာရှင်များက အောက်တိုဘာ ၁၆ ရက်တွင် ပြောကြားသည်။

ကနေဒါနိုင်ငံရှိ ဗြိတိသျှကိုလံဘီယာတက္ကသိုလ်မှ သုတေသီများသည် အန္တာတိကတိုက်ရှိ ရေခဲဖုံးလွှမ်းနေသော ပင်လယ်ရေအောက် တစ်နေရာကို အောက်တိုဘာ ၁၇ ရက်မှ နိုဝင်ဘာ ၁၂ ရက်အထိ လေ့လာမည်ဖြစ်သည်။

အန္တာတိကတိုက်ရှိ ရေခဲဖုံးလွှမ်းနေသော ပင်လယ်ဇရိယာသည် ၂၁၀၀ ပြည့်နှစ်ထက်နောက်မကျဘဲ ၃၃ ရာခိုင်နှုန်းကျော် ကျုံ့သွားမည်ဟု သိပ္ပံပညာရှင်များက ဟောကိန်းထုတ်ထားသည်။

အန္တာတိကဒေသ၌ မီတာရာပေါင်းများစွာအထိ ထူထဲသော ရေခဲချပ်လွှာကြီးများသည် မျောပါလျက်ရှိပြီး **စာမျက်နှာ ၇ ကော်လံ ၄ သို့✦**

အန္တာတိကဒေသ၌ သုတေသနပြုလုပ်ရန် တောင်ဝင်ရိုးစွန်းရှိ ပတ်ထရီယော့ဟီးလ်စ် အခြေစိုက်စခန်းသို့ရောက်ရှိနေသော သိပ္ပံပညာရှင်များကို အောက်တိုဘာ ၁၆ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ဘာသာပြန်
ရာမောင်

ဒုဋ္ဌဝတီမြစ်ရေ စိုးရိမ်ရေမှတ်အောက်သို့ ကျဆင်းနိုင်

နေပြည်တော်
အောက်တိုဘာ ၁၆

ဒုဋ္ဌဝတီမြစ်ရေသည် ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ မြစ်ငယ်မြို့တွင် ၈၉၂ စင်တီမီတာသို့ ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၂၄ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၈၇၀ စင်တီမီတာ အောက်သို့ ကျဆင်းနိုင်ကြောင်း သတင်းရရှိသည်။
(သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်	စီးပွားရေး ဦးတည်ချက်(၄)ရပ်	လူမှုရေး ဦးတည်ချက် (၄)ရပ်
✻ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး	✻ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး	✻ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး	✻ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
✻ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး	✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး	✻ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ဘင်္ဂလားပင်လယ်အော်ရှိ မုန်တိုင်းငယ် အိန္ဒိယနိုင်ငံ ဂိုပါလ်ပူမြို့အနီးမှ ဖြတ်ကျော်ဝင်ရောက်ခဲ့ပြီးဖြစ်

နေပြည်တော် အောက်တိုဘာ ၁၆

ယနေ့ နံနက် ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းတွင်ဖြစ်ပေါ်နေသော မုန်တိုင်းငယ်သည် အိန္ဒိယနိုင်ငံ ဩရိဿကမ်းခြေကို ဂိုပါလ်ပူမြို့(Gopalpur) အနီးမှ ဖြတ်ကျော်ဝင်ရောက်ခဲ့ပြီးဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)